ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# အထူးအစည်းအဝေး(၁/၂၀၁၂)

# ကျင်းပခြင်း

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

### ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂)


၁။ ပထမနေ့ အထူးအစည်းအဝေး မှတ်တမ်း

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁

(ခ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက် စကား ပြောကြားခြင်း။ ၂

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅

(ဃ) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ ၆

(င) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၆

(စ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်း အား အတည်ပြုပေးရန် ပြည်နယ်အဆင့်အဖွဲ့ အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ အဆို တင်သွင်းခြင်း။ ၁၆

(ဆ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်း အား ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၁၇


ကန့်သတ်

(ဇ) ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၈

(ဈ) ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းထားသည့် ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရ အသုံး ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၂

(ည) ပထမနေ့ အထူးအစည်းအဝေး (ဒုတိယ)ပိုင်း အစီအစဉ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း ၃၃

(ဋ) ရှမ်းပြည်နယ်လူမှုကဏ္ဍနှင့် စပ်လျဉ်း၍ ၁ နှစ်တာ လုပ်ငန်း ဆောင်ရွက်မှုများအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၃၃

(ဌ) ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအား ဖြည့်စွက်ခန့်အပ် တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၆၆

(ဍ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၂)ပထမနေ့ရပ်နားကြောင်းကြေညာခြင်းနှင့် ဒုတိယမြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၆၈

၂။ ဒုတိယနေ့ အထူးအစည်းအဝေး မှတ်တမ်း

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၇၀

(ခ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၇၁

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၇၂

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၇၂

(င) စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းမှုများနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးမှ ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းခြင်း။ ၇၄

(စ) ပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့ကို ဆက်လက်တာဝန်ပေးအပ်ရေးအတွက် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၉၅

(ဆ) ရေးရာကော်မတီဝင်များအနက် ပြင်ပပုဂ္ဂိုလ်များ၏ အစည်းအဝေးတက်ရောက်စရိတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော နှုန်းထားများအတိုင်း ခံစားခွင့်ပြုနိုင်ရေး ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၉၉

(ဈ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ရန် အဆိုပြုချက်များ ပေးပို့နိုင်ကြောင်း ကြေညာခြင်း။ ၁၀၀

(ည) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ နိဂုံးချုပ် အမှာစကား ပြောကြားခြင်း။ ၁၀၀

(ဋ) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ကျင်းပပြီးစီးခြင်း။ ၁၀၃

၃။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ဆုံးဖြတ်ချက်များ

(က) ဆုံးဖြတ်ခြင်းအမှတ်(၁၇-၁/၂၀၁၂)။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၁၀၄

(ခ) ဆုံးဖြတ်ခြင်းအမှတ်(၁၈-၁/၂၀၁၂)။ ၂၀၁၂ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၁၀၄

(ဂ) ဆုံးဖြတ်ခြင်းအမှတ်(၁၉-၁/၂၀၁၂)။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၁၀၅

(ဃ) ဆုံးဖြတ်ခြင်းအမှတ်(၂၀-၁/၂၀၁၂)။ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့်ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်ကိုယ်စားလှယ် လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၁၀၅

ကန့်သတ်

(ဃ) ဆုံးဖြတ်ခြင်းအမှတ်(၂၁-၁/၂၀၁၂)။ ပြည်နယ် ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်နယ်တိုင်းရင်းသား လူမျိုးများ အရေးဆိုင်ရာ ကော်မတီနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့ကို ဆက်လက်တာဝန်ပေးအပ်ရေးအတွက် လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၁၀၆

(စ) ဆုံးဖြတ်ခြင်းအမှတ်(၂၂-၁/၂၀၁၂)။ရေးရာ ကော်မတီဝင်များအနက် ပြင်ပပုဂ္ဂိုလ်များ၏ အစည်း အဝေးတက်ရောက်စရိတ်များကို ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော နှုန်းထားများ အတိုင်းခံစားခွင့်ပြုနိုင်ရေး လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း ၁၀၆

၄။ မှတ်တမ်းတင်ခြင်း

(က) မှတ်တမ်းတင်ခြင်းအမှတ်(၂၇-၁/၂၀၁၂)။ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း ၁၀၇

(ခ) မှတ်တမ်းတင်ခြင်းအမှတ်(၂၈-၁/၂၀၁၂)။ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်း တင်ခြင်း ၁၀၇

၅။ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

(က) အမှတ်(၂-၁/၂၀၁၂)။ ရှမ်းပြည်နယ်လူမှုကဏ္ဍနှင့် စပ်လျဉ်း၍ ၁ နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများ ၁၀၈

(ခ) အမှတ်(၃-၁/၂၀၁၂)။ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်းမှုများ ၁၀၈

ကန့်သတ်

၂။

# ရှမ်းပြည်နယ်

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ မှတ်တမ်း

## ၁၃၇၄ ခု ၊ ကဆုန်လဆန်း ၅ ရက်

## ( ၂၀၁၂ ခုနှစ်၊ မေလ ၂၅ ရက်) ) တိုက်

## [ ဗုဒ္ဓဟူးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)ပထမနေ့အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ်ဦးခင်မောင်သန်း၊ ပြည်နယ် အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျာ။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကန့်သတ်

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

အားလုံး ထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

ဥက္ကဋ္ဌ။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးအမှတ်စဉ်(၁/၂၀၁၂)ကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ မေးခွန်းပေါင်း(၆၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို(၆)ခု တင်သွင်းရာမှာ အဆို(၁)ခုအား အတည်ပြုခြင်း၊ အဆို(၁)ခု အား မှတ်တမ်းတင်ခြင်း၊ အဆို(၁)ခုအား မေးခွန်းအဖြစ်ပြောင်းလဲခြင်းနဲ့ အဆို(၃)ခုအား ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူ ပြည်နယ်အစိုးရအဖွဲ့က လွှတ်တော်သို့ တင်သွင်းတဲ့ ဥပဒေကြမ်း(၅)ခုအနက် ဥပဒေကြမ်း(၂)ခုကို အတည်ပြုနိုင်ခဲ့ပြီး ကျန်ဥပဒေကြမ်းများအား ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)မှာ အတည်ပြုကြရမှာ ဖြစ်ပါတယ်။

ကန်သက်

ကျင်းပပြီးစီးခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးမှာ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ထားတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနဲ့ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဒီလမကုန်ခင် အတည်ပြုပေးရမှာ ဖြစ်တဲ့အတွက် ယခုလို အထူးအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းပဲ ဖြစ်ပါတယ်။ ဥပဒေပြုရေးလုပ်ငန်းတာဝန်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပညာရှင်များ မဟုတ်ပေမဲ့ လိုအပ်သည့် ဥပဒေပညာရှင်၊ ဥပဒေပညာရပ်ဆိုင်ရာ ပံ့ပိုးကူညီနိုင်ရန်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူများ၏ လိုအင်များနှင့် ကိုက်ညီသော ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်များအား လက်တွေ့ဖော်ဆောင်ပေးနိုင်သော ဥပဒေများဖြစ်အောင် အကြံပြုဆွေးနွေးကြရမှာ ဖြစ်သလို ယခုရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး မိမိတို့ပြည်နယ်အတွက် ခွဲဝေအသုံးချရာမှာ ပြည်သူလူထုများအတွက် အမှန်အကျိုးရှိမရှိ စိစစ်ပြီး ထောက်ခံရမည့်အချက်များကို ထောက်ခံ၊ အကြံပြုရမည့်ကိစ္စများကို အကြံပြုကြရမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဖြစ်စဉ်အဆင့်ဆင့်နှင့် အုပ်ချုပ်ရေးအာဏာကို အပြန်အလှန်စောင့်ကြည့်တည့်မတ်ပေးရေးဟာ ကျွန်တော်တို့ရဲ့ အရေးပါတဲ့ တာဝန်တစ်ခုလည်း ဖြစ်ပါတယ်။

ယနေ့ နိုင်ငံတော်အနေဖြင့် **Clean Government** နဲ့ **Good Governmance** ထင်ရှားစွာ ပေါ်ပေါက်လာနိုင်စေရေးအတွက် ကြိုးပမ်းနေတဲ့ ကာလဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းရာမှာ ရပ်ကွက်/ကျေးရွာအုပ်စု၊ အစိုးရအဖွဲ့မှအစ အဆင့်ဆင့်သော အစိုးရအဖွဲ့များဟာ ပြည်သူလူထုများရဲ့ အကျိုးစီးပွား၊ ပြည်သူများ၏ မျှော်လင့်ချက်များကို စေတနာမှန်မှန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် မိမိတို့နယ်မြေမှာ ညှိနှိုင်းဆောင်ရွက်ပေးကြရမှာ ဖြစ်သလို လွှတ်တော်မှာ တင်ပြဆွေးနွေးဖို့ တာဝန်လဲ ရှိပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့အကျိုး၊ ပြည်နယ်အကျိုးနှင့် နိုင်ငံတော်အကျိုး ရှေ့ရှု၍ စေတနာမှန်မှန် အတ္တစွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ကင်းကင်းဖြင့် ပြည်သူလူထု၏ လိုလားချက်များကို သိရှိအောင် ကြိုးစားပြီး ပြည်သူများအတွက် မားမားမတ်မတ်ဆောင်ရွက်ပေးနိုင်သော ပြည်သူများအတွက် တောက်ပသော အနာဂတ်ကို ဖန်တီးပေးနိုင်သော ပြည်သူ့ကိုယ်စားလှယ်များဖြစ်အောင် ကြိုးပမ်းကြပါစို့လို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ [ **သြဘာသံများ** ]

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်း အဝေး(၁/၂၀၁၂)ပထမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ပေါင်း (၁၄၃)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်စုစုပေါင်းရဲ့ (၈၈. ၈)%ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ၃၆နှင့် နည်းဥပဒေ၃၄၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ(က)နှင့် (ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပ ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)ပထမနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် တခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးမြတ်စိုး(ကလောမဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး ဖြစ်ပါတယ်။ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသောင်းရွှေ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သည် နေမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂)ရက်နေ့အထိ (၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးသောင်းရွှေကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးထွန်းရင်(ကွမ်းလုံမဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင် ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပယ်စောက်ချိန် (ခ)ဘေဆော်ချိန်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား(၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂)ရက်နေ့အထိ (၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးပယ်စောက်ချိန် (ခ) ဘေဆော်ချိန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးခွန်ထွန်း(မက်မန်းမဲဆန္ဒနယ်အမှတ်-၁)**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်မှ အရာရှိအရာခံများ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြ ပါစေ။ ကျွန်တော်ကတော့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်း ဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းလူ သည် ကျန်းမာရေး မကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၂)တက်ရောက်နိုင်ခြင်း မရှိပါသဖြင့် (၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂)ရက်နေ့ အထိ (၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးခွန်ထွန်းလူ၏ ကိုယ်စား လေးစား စွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းစံဖေ(မိုင်းရယ်မဲဆန္ဒနယ်အမှတ်-၁)**။ လေးစားအပ်ပါ သော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံဖေ ဖြစ်ပါတယ်။ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလောင်(ဝ်)ခမ်း (ခ)စိုင်းအိုက်ဖူ သည် ကိုယ်ရေး ကိုယ်တာကိစ္စဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်း အား (၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇- ၄-၂၀၁၂)ရက်နေ့အထိ (၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းလောင်(ဝ်)ခမ်းကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကန့်သတ်

ဦးကျောက်တယ်ချန်(ကုန်းကြမ်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးကျောက်တယ်ချန် ဖြစ်ပါတယ်။ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေရှောက်ရင်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂) ရက်နေ့အထိ(၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးဝေရှောက်ရင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းမောင်ကြီး(မိုးနဲမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါ သော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က တော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးထိုက်သည် နေမကောင်းပါသဖြင့် ယခု ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်း အဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂) ရက်နေ့မှ(၂၇-၄-၂၀၁၂)ရက်နေ့အထိ (၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုးထိုက် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းဘထွန်း(နောင်ချိုမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘထွန်း ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းခမ်းကျော် သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂)ရက်နေ့အထိ (၃)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းခမ်းကျော် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဗိုလ်မှူးမိုးကျော်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးကျော် ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီး အောင်သူဝင်း သည် ဆေးရုံတက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂) ရက်နေ့အထိ (၃)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီး အောင်သူဝင်းကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဗိုလ်မှူး/ဗိုလ်ကြီးသက်လွင်ဦး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး သက်လွင်ဦး ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးမင်းနေခြည်လင်းသည် ခြေလျင်တပ်ရင်မှူးသင်တန်း တက်ရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား(၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂) ရက်နေ့အထိ (၃)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးမင်းနေခြည်လင်းကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးသက်ဇော်ထွန်း သည် ခြေလျင်တပ်ရင်မှူးသင်တန်း တက်ရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ(၂၇-၄-၂၀၁၂)ရက်နေ့အထိ(၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးသက်ဇော်ထွန်းကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဗိုလ်ကြီး ဇေယျာလင်း။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဇေယျာလင်း ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူး မောင်မောင်လွင် သည် ခြေလျင်တပ်ရင်မှူးသင်တန်း တက်ရောက်နေ ပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ(၂၇-၄-၂၀၁၂)ရက်နေ့အထိ(၃)ရက် ကင်းလွတ်ခွင့် ပြုပါရန် ဗိုလ်မှူးမောင်မောင်လွင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဗိုလ်ကြီး ကျော်သူယဉ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ကျော်သူယဉ် ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးကျော်ဇေယျ သည် ခြေလျင်တပ်ရင်မှူးသင်တန်း တက်ရောက်နေပါသဖြင့် ယခုကျင်းပ သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး တွင် အစည်းအဝေးတက်ရောက်ခြင်းအား(၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂) ရက်နေ့အထိ (၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူး ကျော်ဇေယျ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဗိုလ်ကြီး ထွန်းလင်းမောင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ထွန်းလင်းမောင် ဖြစ်ပါတယ်။ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြခိုင်သည် ခြေလျင်တပ်ရင်းမှူးသင်တန်း တက်ရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ(၂၇-၄-၂၀၁၂)ရက်နေ့အထိ(၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးမြခိုင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဗိုလ်ကြီး လှိုင်မျိုးမင်း။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး လှိုင်မျိုးမင်း ဖြစ်ပါတယ်။ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန့်ဇင်ဦး သည် ခြေလျင်တပ်ရင်းမှူးသင်တန်း တက်ရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ(၂၇-၄-၂၀၁၂)ရက်နေ့အထိ(၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးသန့်ဇင်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

ဗိုလ်ကြီး စည်သူကျော်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး စည်သူကျော် ဖြစ်ပါတယ်။ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသောင်းလှိုင် သည် ခြေလျင်တပ်ရင်းမှူးသင်တန်း တက်ရောက် နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်း အား (၂၅-၄-၂၀၁၂)ရက်နေ့မှ(၂၇-၄-၂၀၁၂)ရက်နေ့ အထိ(၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးသောင်းလှိုင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဦးစိုင်းကံ(မိုင်းရှူးမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကံ ဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေ သည် မိသားစုကိစ္စဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၂)တွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၅-၄-၂၀၁၂)ရက်နေ့မှ (၂၇-၄-၂၀၁၂) ရက်နေ့အထိ (၃)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းလှဖေ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားဖို့ ကျန်ရှိပါသေးလား ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ပြည်နယ်လွှတ်တော်မှ သဘောတူတဲ့အတွက် ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို

" အတည်ပြုပါသလားခင်ဗျား။ "

[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား အတည်ပြုပေးရန် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ အဆိုတင်သွင်းခြင်း**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ရန် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ အဆိုတင်သွင်းပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနကို တွဲဖက်တာဝန်ယူပေးနေတဲ့ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၉၀)၊ အပိုဒ်ခွဲ(ခ)အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ၂၈-၂-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့ပြီး၊ ရှမ်းပြည်နယ်လွှတ်တော်မှလည်း မှတ်တမ်းတင်ထားရှိခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများ တင်သွင်းရန် မရှိပါသဖြင့် ဥပဒေကြမ်း(၁)ရပ်အား ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို အတည်ပြုရန်အတွက် ပြည်နယ်လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်က -

"သဘောတူပါသလားခင်ဗျား။"

[ (၃)ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်မှ သဘောတူ အတည်ပြုပါကြောင်းကြေညာပါတယ်။ [ သြဘာသံများ ]

## ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

(၂၈-၂-၂၀၁၂)ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပြင်ဆင် အဆိုပြုချက်များ တင်သွင်းခြင်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်(၁၄)ခု တင်သွင်းလိုကြောင်း တင်ပြလာပါတယ်။ ပြင်ဆင်ချက်အဆိုတွေကို (၁)ခုချင်းစီအလိုက် တင်ပြသွားဖို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်အား ဖိတ်ခေါ်ပါတယ်။

ဦးခွန်သိန်းမောင်(ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၉၃၊ ပုဒ်မခွဲ(က)အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ၂၈-၂-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်တွင်လည်း မှတ်တမ်းတင်ထားရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် အောက်ပါအကြောင်းအချက်များအရ -

ပြည်ထောင်စုဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏(၁၄-၃-၂၀၁၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၂ အရ နိုင်ငံတော်အတွင်း နိုင်ငံတော်တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀ိ/-(ကျပ်သုံးသောင်းတိတိ) ခံစားခွင့်ပြုခြင်းနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခအပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) ထပ်မံခံစားရန် ခွင့်ပြုခဲ့ပါသဖြင့် သာမန်အသုံးစရိတ်၌ ကျပ်(၃၇၃၄. ၆၄၀)သန်းတိုးလာမှာ ဖြစ်ပါသည်။

ငှင်းအပြင် ပြည်ထောင်စုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ (၁၅-၃-၂၀၁၂)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊၁၀၁/၂၀၁၂အရ ဒေသစရိတ်ခံစားခွင့်ရှိသည့် မြို့နယ်များနှင့် ဒေသစရိတ်နှုန်းထားများ ပြင်ဆင်သတ်မှတ်၍ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ရသုံးခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ရေးဆွဲရာတွင် သာမန်အသုံးစရိတ်၌ ကျပ် (၆၇၈. ၇၈၀) သန်းတိုးလာမည် ဖြစ်ပါတယ်။ ထိုသို့ ပြင်ဆင်ရေးဆွဲချက်အရ သာမန်အသုံးစရိတ်၌ စုစုပေါင်းကျပ်(၄၄၁၃. ၄၂၀) သန်းတိုးလာမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ (၁၅-၃-၂၀၁၂)ရက်စွဲပါစာအမှတ်၊ စရ/ ဘ/၇၅၂/၂၀၁၁-၂၀၁၂(၆၆၃၅)နှင့် (၁၅-၃-၂၀၁၂)ရက်စွဲပါစာအမှတ်။ စက်မှုသီးနှံ/ငွေ/ဘတ်ဂျက်/၀၅/၈၁၉/၂၀၁၁-၂၀၁၂ တို့အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအား စိုက်ပျိုးရေးဦးစီးဌာနဟု လည်းကောင်း၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းအား စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနဟုလည်းကောင်း ပြောင်းလဲဖွဲ့စည်းသတ်မှတ်ခဲ့ပါသည်။

သို့ပါ၍ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြစ်ပေါ်နေသော လိုငွေကျပ် (၄၈၆၄၀. ၆၉၆)သန်းအား (၂၈-၃-၂၀၁၂)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့်၂၀၁၂ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)အရ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ အထူးကိစ္စအဖြစ် ထောက်ပံ့ငွေ(၄၈၃၅၂. ၀၅၉)သန်းနှင့် ချေးယူရငွေကျပ်(၂၈၈. ၆၃၇)သန်းရရှိပြီးဖြစ်ပါ၍ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းရေးဆွဲပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်တွင် ပါဝင်သော အဆိုပြုပြဋ္ဌာန်းချက်(၁၄)ချက်အား ပြင်ဆင်အဆိုပြုချက်(၁၄)ချက်ဖြင့် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ပြုနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် ပန်ကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စာပိုဒ်အပိုဒ်(၃)၊ ခေါင်းစဉ်အပိုင်း (၃)၊ အပိုဒ်(၆)၊ အပိုဒ်(၇)၊ (က)(ခ)(ဃ)နဲ့ပတ်သက်၍ ဝန်ကြီးအဖွဲ့မှ တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဝန်ကြီး။** အဆို(၁၄)ချက်အနက် ပထမအဆိုဖြစ်တဲ့ အဆို(၁)၊ အပိုင်း(၃)၊ ခေါင်းစဉ်အပိုင်း(၃)မှာ အပိုဒ်(၆)၊ အပိုဒ်(၇)၊ အပိုဒ်ခွဲ(က)(ခ)(ဃ)တို့မှာပါဝင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဟု ပြောင်းလဲပြင်ဆင်ပေးပါရန် အဆိုတင်သွင်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်းပြင်ဆင်ချက် အဆိုနှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။** ဥပဒေကြမ်းပါ စကားရပ်တွင် ပြည်နယ်အဆင့်နဲ့ လိုက်လျောညီထွေမှု ဖြစ်စေရန် အတွက် ပြင်ဆင်ရန် အဆိုပြုချက်ဖြစ်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအစား ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ ဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်း အတွက် ဤဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ရှမ်းပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက်အဆိုဖြစ်တဲ့ "ဥပဒေကြမ်း၏ အပိုင်း(၃)၊ ခေါင်းစဉ် အပိုင်း (၃)၊ အပိုဒ်(၆)၊ အပိုဒ်(၇)၊ (က) (ခ) (ဃ)တို့မှာ ပါဝင်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား **ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**ဟု ပြောင်းလဲပြင်ဆင်ပေးပါရန်" အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

" သဘောတူပါသလား ခင်ဗျား။ "

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆိုအတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်း ပြင်ဆင်ချက်အဆို နောက်(၁)ခု ထပ်မံတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။ အဆို(၂)အနေနဲ့ ဇယား (၁)နှင့် (၂)တို့တွင် ဖော်ပြထားသော ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် စာသားအား **ပြည်နယ်တရားလွှတ်တော်** ဟု ပြောင်းလဲပြင်ဆင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ဇယား (၁)(၂)ပါ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အစား ပြည်နယ်အဆင့်နဲ့ လိုက်လျောညီထွေမှုရှိစေရန်အတွက် ပြည်နယ် တရားလွှတ်တော် ဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်း အတွက် ဤကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြ အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့ "ဥပဒေကြမ်း၏ ဇယား (၁)နှင့် (၂)တို့တွင် ဖော်ပြထားသော ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် စာသားအား ပြည်နယ်တရား လွှတ်တော် ဟု ပြောင်းလဲပြင်ဆင် ပေးပါရန် " အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ရယူ ပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက် အဆိုကို အတည်ပြုဖို့ လွှတ်တော်က-

"သဘောတူပါသလားခင်ဗျား။ "

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့ အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် က ဥပဒေကြမ်း ပြင်ဆင်ချက်အဆို နောက်(၁)ခု ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဝန်ကြီး။** အဆို(၃)နှင့် စပ်လျဉ်း၍ ဇယား(၁) စာတိုင်(၅)၊ ဇယား(၃) စာတိုင်(၅)၊ ဇယား(၃)အဆုံး စာတိုင်(၅)၊ ဇယား(၅) စာတိုင်(၅)တို့တွင် ဖော်ပြထားသော ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ စာသားများအား ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေစာသားများဟု ပြင်ဆင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။** ဥပဒေကြမ်းပါ ဇယား(၁) စာတိုင်(၅)၊ ဇယား(၃) စာတိုင်(၅)၊ ဇယား(၃)အဆုံး စာတိုင်(၅)၊ ဇယား(၅) စာတိုင်(၅)တို့တွင် ဖော်ပြပါရှိသော ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေအစား ပြည်နယ်အဆင့်နဲ့ လိုက်လျောညီထွေမှု ရှိစေရန်အတွက် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်း အတွက် ဤဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့"ဥပဒေကြမ်း၏ ဇယား(၁)စာတိုင်(၅)၊ဇယား(၃)စာတိုင်(၅)၊ ဇယား(၃)အဆုံး စာတိုင်(၅)၊ဇယား(၅)စာတိုင်(၅)တို့တွင် ဖော်ပြထားသော ပြည်နယ်အဆင့်အဖွဲ့အစည်းများမှရငွေ စာသားများအား ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ စာသားများဟု ပြင်ဆင်ပေးပါရန်"အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

"သဘောတူပါသလားခင်ဗျား။ "

[ ၃ ကြိမ်ကိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆိုအတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့ အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာ အပ်ပါတယ် ခင်ဗျား။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် က ဥပဒေကြမ်းပြင်ဆင်ချက်အဆို နောက်(၁)ခုထပ်မံတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ပြည်နယ်ဝန်ကြီး။ အဆို(၄)နှင့် စပ်လျဉ်း၍ ဇယား(၃)၊ ဇယား(၃)အဆုံး ဇယား(၄)တို့တွင် ဖော်ပြထားသော ပြည်နယ်အဆင့်ဝန်ကြီးဌာနများ စာသားအား ပြည်နယ်ဝန်ကြီး ဌာနများ ဟု ပြင်ဆင်ပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ဇယား(၃)၊ ဇယား(၃)အဆုံး၊ ဇယား(၄)တို့တွင် ဖော်ပြထားသော ပြည်နယ် အဆင့်ဝန်ကြီးဌာနများအစား ပြည်နယ်အဆင့်နဲ့ လိုက်လျော ညီထွေမှုရှိစေရန်အတွက် ပြည်နယ်ဝန်ကြီးဌာနများ ဟူသော စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ခြင်းအတွက် ဤဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့ " ဥပဒေကြမ်း၏ ဇယား(၃)၊ ဇယား(၃) အဆုံး၊ ဇယား(၄) တို့တွင် ဖော်ပြထားသော ပြည်နယ်အဆင့်ဝန်ကြီးဌာနများ စာသား အား ပြည်နယ်ဝန်ကြီးဌာနများဟု ပြင်ဆင်ပေးပါရန်"အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

" သဘောတူပါသလားခင်ဗျား။ "

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့ အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်းပြင်ဆင်ချက်အဆို နောက်(၁)ခုထပ်မံတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဝန်ကြီး။** အဆို(၅)နှင့် စပ်လျဉ်း၍ ဇယား(၃)စာတိုင်(၂)၊အမှတ်စဉ်(၄)တွင် ဖော်ပြထားသော ရှမ်းပြည်နယ်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ စာသားအား ပြည်နယ် အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ စာသားဟု ပြင်ဆင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက် အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။** ဥပဒေကြမ်းပါ ဇယား(၃) စာတိုင်(၂)၊ အမှတ်စဉ်(၄)တွင် ဖော်ပြပါရှိသော ပြည်နယ်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေအစား ပြည်နယ်အဆင့်နဲ့ လိုက်လျော ညီထွေမှု ရှိစေရန်အတွက် ပြည်နယ်အဆင့်နိုင်ငံတော် ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ ဟူသော စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ခြင်း အတွက် ဤဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေဖြင့် သဘောတူပါ ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက်အဆိုဖြစ်တဲ့ "ဥပဒေကြမ်း၏ ဇယား(၃)စာတိုင်(၂)၊အမှတ်စဉ်(၄)တွင် ဖော်ပြထားသော ပြည်နယ်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ စာသားအား ပြည်နယ်**အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့**အစည်းများမှ ရငွေ စာသားဟု ပြင်ဆင်ပေးပါရန် " အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

" သဘောတူပါသလားခင်ဗျား။ "

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် က ဥပဒေကြမ်း ပြင်ဆင်ချက် အဆို(၆)ကို ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဝန်ကြီး။** အဆို(၆)နှင့် စပ်လျဉ်း၍ ဇယား(၂)တွင်ပါရှိသော ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ် ခေါင်းစဉ်ပါ-တရားရုံး၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း(၅၁၄. ၄၈၂)အား ကျပ်သန်းပေါင်း (၆၇၇. ၉၂၂)အဖြစ် လည်းကောင်း၊ ဥပဒေရုံး၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း (၂၈၆. ၅၃၄)အား ကျပ်သန်းပေါင်း

(၃၈၄. ၈၁၄)အဖြစ် လည်းကောင်း၊ စာရင်းရုံး၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း (၆၅၄. ၄၁၈)အား ကျပ်သန်းပေါင်း (၉၁၉. ၇၃၈) အဖြစ်လည်းကောင်း၊ ဇယား(၂) စုစုပေါင်း သာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၄၅၅. ၄၃၄)အား ကျပ်သန်းပေါင်း (၁၉၈၂. ၄၇၄) အဖြစ် လည်းကောင်း ပြင်ဆင်ပေးပါရန် ပြင်ဆင်ပေးပါရန် အဆိုတင်သွင်း အပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက် အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ် ခေါင်းစဉ်ပါ - တရားရုံး၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း(၅၁၄. ၄၈၂)အား ကျပ်သန်းပေါင်း(၆၇၇. ၉၂၂) အဖြစ်လည်းကောင်း၊ ဥပဒေရုံး၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း (၂၈၆. ၅၃၄)အား ကျပ်သန်းပေါင်း(၃၈၄. ၈၁၄)အဖြစ် လည်း ကောင်း၊ စာရင်းရုံး၏ သာမန်သုံးငွေကျပ်သန်းပေါင်း (၆၅၄. ၄၁၈) အား ကျပ်သန်းပေါင်း (၉၁၉. ၇၃၈)အဖြစ်လည်း ကောင်း၊ ဇယား(၂) စုစုပေါင်းသာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၄၅၅. ၄၃၄)အား ကျပ် သန်းပေါင်း(၁၉၈၂. ၄၇၄)အဖြစ် ပြင်ဆင်အဆိုပြုချက်သည် သာမန် အသုံးစရိတ်အပေါ် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အခြေခံတွက်ချက် ပြင်ဆင်ထားခြင်း ဖြစ်ပါ၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့ “ ဥပဒေကြမ်း၏ ဇယား (၂)တွင် ပါရှိသော ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ် ခေါင်းစဉ်ပါ - တရားရုံး၏ သာမန်သုံးငွေ ပြင်ဆင်ပေးပါရန်”အဆိုနဲ့စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

“ သဘောတူပါသလား ခင်ဗျား။ ”

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့ အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်း ပြင်ဆင်ချက်အဆို နောက်(၁)ခု ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။ အဆို(၇)နှင့် စပ်လျဉ်း၍ ဇယား(၃)အဆုံးစာတိုင်(၂)၊ စာတိုင်(၆)တို့တွင် ပါရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သာမန်ရငွေ ကျပ်သန်းပေါင်း (၂၁. ၀၃၄)၊ စိုက်ပျိုးရေးဦးစီးဌာန သာမန်ရငွေ ကျပ်သန်းပေါင်း (၇. ၄၂၀)၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန သာမန်ရငွေ ကျပ်သန်းပေါင်း (၁၃. ၆၁၄) ပါဝင်သောကြောင့် ဇယား(၃)အဆုံးစာတိုင်(၂)၊စာတိုင်(၆)တွင် ထည့်သွင်းပေးပါရန်နှင့်အခြားသာမန်ရငွေ စုစုပေါင်း ကျပ်သန်းပေါင်း (၉၀၆၇. ၆၇၅) အား စုစုပေါင်းသာမန်ရငွေ ကျပ်သန်းပေါင်း(၉၀၈၈. ၇၀၉)ဟု ပြင်ဆင်ပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက် အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ဇယား(၃)အဆုံး စာတိုင်(၂)၊ စာတိုင်(၆)တွင် ဖော်ပြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သာမန်ရငွေ ကျပ်သန်းပေါင်း (၂၁. ၀၃၄)၊ စိုက်ပျိုးရေးဦးစီးဌာနသာမန်ရငွေ ကျပ်သန်းပေါင်း (၇. ၄၂၀)၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန သာမန်ရငွေ ကျပ်သန်းပေါင်း (၁၃. ၆၁၄) ပါဝင်သောကြောင့် ဇယား(၃)အဆုံးစာတိုင်(၂)၊ စာတိုင်(၆)တွင် ထည့်သွင်းပေးပါရန်နှင့်အခြားသာမန်ရငွေ စုစုပေါင်း ကျပ်သန်းပေါင်း (၉၀၆၇. ၆၇၅) အား စုစုပေါင်းသာမန်ရငွေ ကျပ်သန်းပေါင်း (၉၀၈၈. ၇၀၉)ဖြင့် ပြင်ဆင်ပေးပါရန် တင်ပြချက်သည် သာမန်အသုံးစရိတ်အပေါ် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အခြေခံတွက်ချက် ပြင်ဆင်ထားခြင်းဖြစ်ပါသဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် က တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့ "ဥပဒေကြမ်း၏ ဇယား(၃)အဆုံး စာတိုင် (၂)၊စာတိုင်(၆)တို့တွင်ပါရှိသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန သာမန်ရငွေကျပ်သန်းပေါင်း(၂၁. ၀၃၄)၊ စိုက်ပျိုးရေး ဦးစီးဌာနသာမန်ရငွေ ကျပ်သန်းပေါင်း(၇. ၄၂၀)၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန သာမန်ရငွေ ကျပ်သန်းပေါင်း(၁၃. ၆၁၄) ပါဝင်သောကြောင့် ဇယား(၃)အဆုံး စာတိုင်(၂)၊ စာတိုင်(၆)တွင် ထည့်သွင်းပေးပါရန်နှင့် အခြားသာမန်ရငွေစုစုပေါင်းကျပ်သန်းပေါင်း (၉၀၆၇. ၆၇၅)အား စုစုပေါင်းသာမန်ရငွေ ကျပ်သန်းပေါင်း (၉၀၈၈. ၇၀၉)ဟု ပြင်ဆင်ပေးပါရန်"အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့ အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် က ဥပဒေကြမ်း ပြင်ဆင်ချက်အဆို နောက်(၁)ခု ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။ အဆို(၈)နှင့် စပ်လျဉ်း၍ ဇယား(၃)အဆုံးစာတိုင်(၉)၊ စာတိုင်(၁၁)တို့တွင် ပါရှိသော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များခေါင်းစဉ်အောက်ရှိ- ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေကျပ်သန်းပေါင်း(၄၂၉၄၀. ၂၃၀)အား ကျပ်သန်းပေါင်း (၄၈၃၅၂. ၀၅၉) အဖြစ်လည်းကောင်း၊ စုစုပေါင်း ကျပ်သန်းပေါင်း(၄၃၉၄၀. ၂၃၀) အား ကျပ်သန်းပေါင်း(၄၉၃၅၂. ၇၀၅၉)အဖြစ်လည်းကောင်း၊ ချေးယူရငွေကျပ်သန်းပေါင်း(၁၂၈၇. ၀၄၆)အား ကျပ်သန်းပေါင်း(၂၈၈. ၆၃၇) အဖြစ်လည်းကောင်း၊ ချေးယူရငွေစုစုပေါင်း ကျပ်သန်းပေါင်း (၁၂၈၇. ၀၄၆)အား ကျပ်သန်းပေါင်း (၂၈၈. ၆၃၇)အဖြစ်လည်းကောင်း ပြင်ဆင်ပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ဇယား(၃)အဆုံး စာတိုင်(၉)၊ စာတိုင်(၁၁)တွင် ဖော်ပြပါရှိသော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များခေါင်းစဉ်အောက်ရှိ - ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ်သန်းပေါင်း (၄၂၉၄၀. ၂၃၀)အား ကျပ်သန်းပေါင်း (၄၈၃၅၂. ၀၅၉) အဖြစ်လည်းကောင်း၊ စုစုပေါင်း

ကျပ်သန်းပေါင်း(၄၃၉၄၀. ၂၃၀)အား ကျပ်သန်းပေါင်း(၄၉၃၅၂. ၀၅၉) အဖြစ်လည်းကောင်း၊ ချေးယူရငွေ ကျပ်သန်းပေါင်း(၁၂၈၇. ၀၄၆) အား ကျပ်သန်းပေါင်း(၂၈၈. ၆၃၇)အဖြစ်လည်းကောင်း၊ ချေးယူရငွေ စုစုပေါင်းကျပ်သန်းပေါင်း(၁၂၈၇. ၀၄၆)အား ကျပ်သန်းပေါင်း (၂၈၈. ၆၃၇)အဖြစ်လည်းကောင်း ပြင်ဆင်ပေးပါရန် အဆိုပြုချက် သည် သာမန်အသုံးစရိတ်အပေါ် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ အခြေခံတွက်ချက်ပြင်ဆင်ထားခြင်းဖြစ်ပါ၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက်အဆိုဖြစ်တဲ့ "ဥပဒေကြမ်း၏ ဇယား(၃)အဆုံး စာတိုင်(၉)၊ စာတိုင်(၁၁)တို့တွင် ပါရှိသော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ် အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ် အောက်ရှိ- ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၏ ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ ပြင်ဆင်ချက်"အဆိုကို လွှတ်တော်မှ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ ပါမယ်။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်း ပြင်ဆင်ချက် အဆို နောက်(၁)ခု ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ပြည်နယ်ဝန်ကြီး။ အဆို(၉)နှင့် စပ်လျဉ်း၍ ဇယား(၄)တွင် ပါဝင်သော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်အောက်ရှိ- စာတိုင်(၄)သာမန်သုံးငွေတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း (၄၇၂၃. ၃၉၉)အား ကျပ်သန်းပေါင်း (၆၅၀၃. ၀၅၉)အဖြစ် လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသာမန်သုံးငွေ ကျပ်သန်းပေါင်း (၃၀၂၈. ၈၃၅)အား ကျပ်သန်းပေါင်း (၄၅၈၀. ၇၉၅)အဖြစ် လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသာမန်သုံးငွေ ကျပ်သန်းပေါင်း (၉၁. ၉၀၆) အား ကျပ်သန်းပေါင်း(၁၂၉. ၃၄၆)အဖြစ်လည်းကောင်း၊ အကျဉ်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၆၀၂. ၆၅၈)အား ကျပ်သန်းပေါင်း (၁၇၉၂. ၉၁၈) အဖြစ်လည်းကောင်း၊ ဇယား(၄)တွင်

ဇယား(၄)တွင် ပါဝင်သော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်အောက်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သာမန်သုံးငွေကျပ်သန်းပေါင်း(၂၁၀၅. ၀၈၀)၊ စိုက်ပျိုးရေးဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၈၇၆. ၂၄၀)၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၂၂၈. ၈၄၀)တို့အားဖြည့်စွက်ပေးရန်၊ ဇယား(၄)တွင်ပါဝင်သော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်အောက်ရှိ - သမဝါယမဝန်ကြီးဌာန၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း (၃၅၅. ၁၆၁)အား ကျပ်သန်းပေါင်း (၅၀၀. ၄၂၁) အဖြစ် လည်းကောင်း၊ သမဝါယမဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၃၄၄. ၃၉၅)အား ကျပ်သန်းပေါင်း (၄၈၇. ၁၃၅) အဖြစ်လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၀. ၇၆၆)အား ကျပ်သန်းပေါင်း (၁၃. ၂၈၆)အဖြစ်လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၂၆၃. ၁၀၃)အား ကျပ်သန်းပေါင်း(၃၇၁. ၈၂၃)အဖြစ်လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၄၃. ၃၁၈)အား ကျပ်သန်းပေါင်း (၅၇. ၈၉၈)အဖြစ်လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၈၅. ၇၈၅)အား ကျပ်သန်းပေါင်း (၂၆၈. ၀၄၅)အဖြစ် လည်းကောင်း၊ ပျားလုပ်ငန်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၃၄. ၀၀၀)အား ကျပ်သန်းပေါင်း (၄၅. ၈၈၀) အဖြစ်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၃၃၃၂၇. ၉၁၀)အား ကျပ်သန်းပေါင်း(၃၃၃၃၁. ၅၁၀) အဖြစ် လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန သာမန်

သုံးငွေ ကျပ်သန်းပေါင်း(၁၃၁. ၈၄၂)အား ကျပ်သန်းပေါင်း (၁၃၅. ၄၄၂)အဖြစ်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၅၄. ၃၁၁)အား ကျပ်သန်းပေါင်း(၁၆၆. ၉၁၁)အဖြစ်လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၅၄. ၃၁၁)အား ကျပ်သန်းပေါင်း(၁၆၆. ၉၁၁)အဖြစ်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၃၂၄. ၁၈၄)အား ကျပ်သန်းပေါင်း(၄၃၉. ၉၂၄)အဖြစ် လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနသာမန်သုံးငွေကျပ်သန်းပေါင်း(၃၂၄. ၁၈၄) အား ကျပ်သန်းပေါင်း(၄၃၉. ၉၂၄)အဖြစ်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန သာမန်သုံးငွေကျပ်သန်းပေါင်း(၈. ၈၃၆)အား ကျပ်သန်းပေါင်း(၁၁. ၃၅၆)အဖြစ်လည်းကောင်း၊ ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး သာမန်သုံးငွေ ကျပ်သန်းပေါင်း(၈. ၈၃၆)အား ကျပ်သန်းပေါင်း(၁၁. ၃၅၆)အဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၇၉၅. ၇၅၈)အား ကျပ်သန်းပေါင်း(၁၁၉၃. ၇၃၈) အဖြစ်လည်းကောင်း၊ သစ်တောဦးစီးဌာန သာမန်သုံးငွေကျပ်သန်းပေါင်း (၇၉၅. ၇၅၈)အား ကျပ်သန်းပေါင်း(၁၁၉၃. ၇၃၈)အဖြစ်လည်းကောင်း၊ အားကစားဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၇၁. ၈၃၉) အား ကျပ်သန်းပေါင်း(၂၂၀. ၀၇၉)အဖြစ်လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၇၁. ၈၃၉) အား ကျပ်သန်းပေါင်း(၂၂၀. ၀၇၉)အဖြစ်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ သာမန်သုံးငွေ ကျပ်သန်းပေါင်း(၄၀၃၃. ၄၄၃) အား ကျပ်သန်းပေါင်း(၄၅၇၈. ၃၀၃)အဖြစ်လည်းကောင်း၊ ဇယား (၄) စုစုပေါင်း သာမန်သုံးငွေ ကျပ်သန်းပေါင်း(၄၄၁၅၇. ၉၄၄)အား ကျပ်သန်းပေါင်း(၄၉၄၂၂. ၂၀၄)အဖြစ်လည်းကောင်း ပြင်ဆင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနို(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။** ဥပဒေကြမ်းပါဇယား(၄)တွင်ပါဝင်သော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်အောက်ရှိ- စာတိုင်(၄)သာမန်သုံးငွေတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း (၄၇၂၃. ၃၉၉)အား ကျပ်သန်းပေါင်း (၆၅၀၃. ၀၅၉)အဖြစ် လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသာမန်သုံးငွေ ကျပ်သန်းပေါင်း (၃၀၂၈. ၈၃၅)အား ကျပ်သန်းပေါင်း(၄၅၈၀. ၇၉၅)အဖြစ်လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၉၁. ၉၀၆)အား ကျပ်သန်းပေါင်း(၁၂၉. ၃၄၆)အဖြစ်လည်းကောင်း၊ အကျဉ်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၆၀၂. ၆၅၈)အား ကျပ်သန်းပေါင်း(၁၉၇၂. ၉၁၈)အဖြစ်လည်းကောင်း ပြင်ဆင်ပေးရန်၊ ဇယား(၄)တွင် ပါဝင်သော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်အောက်ရှိ- လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သာမန်သုံးငွေကျပ်သန်းပေါင်း(၂၁၀၅. ၀၈၀)၊ စိုက်ပျိုးရေးဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၈၇၆. ၂၄၀)၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၂၂၈. ၈၄၀)တို့အား ဖြည့်စွက်ပေးရန်၊ ဇယား(၄)တွင်ပါဝင်သော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်အောက်ရှိ - သမဝါယမဝန်ကြီးဌာန၏ သာမန်သုံးငွေ ကျပ်

သန်းပေါင်း(၃၅၅. ၁၆၁)အား ကျပ်သန်းပေါင်း (၅၀၀. ၄၂၁)အဖြစ် လည်းကောင်း၊ သမဝါယမဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၃၄၄. ၃၉၅)အား ကျပ်သန်းပေါင်း(၄၈၇. ၁၃၅)အဖြစ်လည်း ကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၀. ၇၆၆)အား ကျပ်သန်းပေါင်း (၁၃. ၂၈၆) အဖြစ်လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သာမန် သုံးငွေကျပ်သန်းပေါင်း(၂၆၃. ၁၀၃)အား ကျပ်သန်းပေါင်း(၃၇၁. ၈၂၃) အဖြစ်လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်း ပေါင်း(၄၃. ၃၁၈)အား ကျပ်သန်းပေါင်း(၅၇. ၈၉၈)အဖြစ်လည်း ကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသာမန်သုံးငွေ ကျပ်သန်း ပေါင်း (၁၈၅. ၇၈၅)အား ကျပ်သန်းပေါင်း (၂၆၈. ၀၄၅)အဖြစ် လည်းကောင်း၊ ပျားလုပ်ငန်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၃၄. ၀၀၀)အား ကျပ်သန်းပေါင်း (၄၅. ၈၈၀)အဖြစ် လည်း ကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်း ပေါင်း(၃၃၃၂၇. ၉၁၀)အား ကျပ်သန်း ပေါင်း(၃၃၃၃၁. ၅၁၀)အဖြစ် လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန သာမန်သုံးငွေ ကျပ် သန်းပေါင်း(၁၃၁. ၈၄၂)အား ကျပ်သန်းပေါင်း(၁၃၅. ၄၄၂)အဖြစ် လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနသာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၅၄. ၃၁၁)အား ကျပ်သန်းပေါင်း(၁၆၆. ၉၁၁) အဖြစ်လည်းကောင်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၁၅၄. ၃၁၁)အား ကျပ်သန်းပေါင်း(၁၆၆. ၉၁၁) အဖြစ်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၃၂၄. ၁၈၄)အား ကျပ်သန်း ပေါင်း(၄၃၉. ၉၂၄)အဖြစ်လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၃၂၄. ၁၈၄)အား ကျပ်သန်းပေါင်း

(၄၃၉. ၉၂၄)အဖြစ်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း(၈. ၈၃၆)အား ကျပ်သန်းပေါင်း(၁၁. ၃၅၆) အဖြစ်လည်း ကောင်း၊ ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး သာမန်သုံးငွေ ကျပ်သန်းပေါင်း(၈. ၈၃၆)အား ကျပ်သန်းပေါင်း (၁၁. ၃၅၆)အဖြစ် လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၇၉၅. ၇၅၈)အား ကျပ် သန်းပေါင်း(၁၁၉၃. ၇၃၈)အဖြစ် လည်းကောင်း၊ သစ်တောဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၇၉၅. ၇၅၈)အား ကျပ်သန်းပေါင်း (၁၁၉၃. ၇၃၈)အဖြစ်လည်း ကောင်း၊ အားကစားဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၇၁. ၈၃၉)အား ကျပ်သန်းပေါင်း (၂၂၀. ၀၇၉)အဖြစ်လည်း ကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန သာမန်သုံးငွေ ကျပ်သန်း ပေါင်း(၁၇၁. ၈၃၉)အား ကျပ်သန်းပေါင်း (၂၂၀. ၀၇၉)အဖြစ် လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ သာမန်သုံးငွေ ကျပ် သန်းပေါင်း (၄၀၃၃. ၄၄၃)အား ကျပ်သန်းပေါင်း (၄၅၇၈. ၃၀၃) အဖြစ်လည်းကောင်း၊ ဇယား(၄) စုစုပေါင်းသာမန်သုံးငွေ ကျပ်သန်း ပေါင်း(၄၄၁၅၇. ၉၄၄)အား ကျပ်သန်းပေါင်း(၄၉၄၂၂. ၂၀၄) အဖြစ် ပြင်ဆင်ပေးပါရန် အဆိုပြုချက်သည် သာမန်အသုံးစရိတ်အပေါ် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခြေခံတွက်ချက် ပြင်ဆင်ထားခြင်းဖြစ်ပါ၍ ဤဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက်အဆိုဖြစ်တဲ့ ဥပဒေကြမ်း၏ ဇယား(၄)တွင် ပါဝင်သော ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်အောက်ရှိ သာမန်အသုံးစာရင်းကို ပြင်ဆင်ချက်ကို ပြည်နယ်ဝန်ကြီးက အသေးစိတ်ဖတ်ကြားတင်ပြသွားသလို ဥပဒေပြုရေးဆိုင်ရာကော်မတီကလည်းပဲ စာရင်းဇယားများကို အသေးစိတ်ဖတ်ကြားပြီးတော့မှ ထောက်ခံသွားပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ စာရင်းဇယားများကို ထပ်မံဖတ်ကြားခြင်း မပြုတော့ဘဲနဲ့ အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါ့မယ်။

အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားမှာ ဖြစ်တဲ့အတွက် ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်း ပြင်ဆင်ချက်အဆို နောက်(၁)ခု ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။ အဆို(၁၀)နဲ့ စပ်လျဉ်း၍ ဇယား(၄)အဆုံး စာတိုင်(၂)တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စာရင်းထည့်သွင်းပေးရန်နှင့် ၎င်းလက်အောက်ရှိ-စိုက်ပျိုးရေးဦးစီးဌာန ငွေလုံးငွေရင်း သုံးငွေ ကျပ်သန်းပေါင်း (၁၈၆. ၄၂၃)အား ဖြည့်ပေးရန်နှင့် ဇယား(၄)၊ စာတိုင်(၇)တွင် ငွေလုံးငွေရင်းသုံးငွေ စုစုပေါင်းကျပ်သန်းပေါင်း (၇၉၅၇. ၆၁၂)အား ငွေလုံးငွေရင်းသုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း(၈၁၄၄. ၀၃၅) အဖြစ် လည်းကောင်း ပြင်ဆင်ပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ဇယား (၄)အဆုံး စာတိုင်(၂)တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စာရင်းထည့်သွင်းပေးရန်နှင့် ၎င်းလက်အောက်ရှိ-စိုက်ပျိုးရေးဦးစီးဌာန ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း (၁၈၆. ၄၂၃)အား ဖြည့်ပေးရန် နှင့် ဇယား(၄)၊ စာတိုင်(၇)တွင် ငွေလုံးငွေရင်းသုံးငွေ စုစုပေါင်း ကျပ်သန်းပေါင်း(၇၉၅၇. ၆၁၂)အား ငွေလုံးငွေရင်း သုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း (၈၁၄၄. ၀၃၅) အဖြစ် ပြင်ဆင်ပေးပါရန် အဆိုပြုချက်အား ဤကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့ "ဥပဒေကြမ်း၏ ဇယား(၄)အဆုံး စာတိုင် (၂)တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စာရင်းထည့်သွင်းပေးရန်နှင့် ၎င်းလက်အောက်ရှိ- စိုက်ပျိုးရေး ဦးစီးဌာန ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း (၁၈၆. ၄၂၃) အား ဖြည့်ပေးရန် နှင့် ဇယား (၄)၊ စာတိုင်(၇)တွင် ငွေလုံးငွေရင်း သုံးငွေ စုစုပေါင်းကျပ်သန်းပေါင်း(၇၉၅၇. ၆၁၂)အား ငွေလုံးငွေရင်း သုံးငွေ စုစုပေါင်းကျပ်သန်းပေါင်း (၈၁၄၄. ၀၃၅) အဖြစ်လည်း ကောင်း ပြင်ဆင်ပေးပါရန် "အဆိုနဲ့စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

" သဘောတူပါသလား ခင်ဗျား။ "

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့ အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်း ပြင်ဆင်ချက်အဆို နောက်(၁)ခု ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။** အဆို(၁၁)နဲ့ စပ်လျဉ်း၍ ဇယား(၅)အဆုံး စာတိုင်(၆)တွင်ပါဝင်သော အခြားသာမန်ရငွေစုစုပေါင်း ကျပ်သန်းပေါင်း (၆၁၇၈၇. ၈၆၃)အား စုစုပေါင်း ကျပ်သန်းပေါင်း (၆၁၇၆၆. ၈၂၉)အဖြစ်လည်းကောင်း ပြင်ဆင်ပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။** ဥပဒေကြမ်းပါ ဇယား (၅)အဆုံး စာတိုင်(၆)တွင် အခြားသာမန်ရငွေ စုစုပေါင်း ကျပ်သန်းပေါင်း(၆၁၇၈၇. ၈၆၃)အား စုစုပေါင်း ကျပ်သန်းပေါင်း(၆၁၇၆၆. ၈၂၉) အဖြစ် ပြင်ဆင်ပေးပါရန် အဆိုပြုချက်သည် သာမန်အသုံးစရိတ် အပေါ် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အခြေခံ တွက်ချက်ပြင်ဆင်ထားခြင်းဖြစ်ပါ၍ ဤဥပဒေပြုရေးဆိုင်ရာ ကော်မတီ အနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ပြင်ဆင်ချက် အဆိုဖြစ်တဲ့"ဥပဒေကြမ်း၏ ဇယား(၅)အဆုံး စာတိုင်(၆)တွင် ပါဝင်သော အခြားသာမန်ရငွေ စုစုပေါင်း ကျပ်သန်းပေါင်း (၆၁၇၈၇. ၈၆၃) အား စုစုပေါင်း ကျပ်သန်းပေါင်း(၆၁၇၆၆. ၈၂၉) အဖြစ်လည်း ကောင်း ပြင်ဆင်ပေးပါရန်" အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံး အဖြတ် ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့ အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်းပြင်ဆင်ချက်အဆို နောက်(၁)ခုထပ်မံတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။ အဆို(၁၂)နှင့် စပ်လျဉ်း၍ ဇယား(၆)တွင် ပါဝင်သော ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ ခေါင်းစဉ်အောက်ရှိ- ပြန်ကြားရေးဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၅၉. ၁၇၆)အား ကျပ်သန်းပေါင်း (၆၉. ၂၅၆)အဖြစ်လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းသာမန်သုံးငွေ ကျပ်သန်းပေါင်း(၅၉. ၁၇၆)အား ကျန်သန်းပေါင်း(၆၉. ၂၅၆)အဖြစ် လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း

ကန့်သတ်

(၁၅. ၁၁၁)အား ကျပ်သန်းပေါင်း(၁၇. ၉၉၁)အဖြစ်လည်းကောင်း၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းသာမန်သုံးငွေကျပ်သန်းပေါင်း(၁၅. ၁၁၁)အား ကျပ်သန်းပေါင်း (၁၇. ၉၁၁)အဖြစ်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၆၀၄၉၉. ၁၇၄)အား ကျပ်သန်းပေါင်း (၆၀၈၆၂. ၂၇၄)အဖြစ်လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း သာမန်သုံးငွေ ကျပ်သန်းပေါင်း(၆၀၄၉၉. ၁၇၄)အား ကျပ်သန်းပေါင်း(၆၀၈၆၂. ၂၇၄) အဖြစ်လည်းကောင်း၊ ဇယား(၆) စုစုပေါင်းသာမန်သုံးငွေ ကျပ်သန်းပေါင်း(၆၂၃၂၇. ၃၆၁)အား ကျပ် သန်းပေါင်း(၆၀၉၄၉. ၄၈၁)အဖြစ်လည်းကောင်း ပြင်ဆင်ပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက် အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ဇယား (၆) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ခေါင်းစဉ်အောက်ရှိ - ပြန်ကြားရေးဝန်ကြီးဌာန သာမန်သုံးငွေ ကျပ် သန်းပေါင်း(၅၉. ၁၇၆)အား ကျပ်သန်းပေါင်း(၆၉. ၂၅၆)အဖြစ် လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၅. ၁၁၁)အား ကျပ်သန်းပေါင်း (၁၇. ၉၉၁)အဖြစ် လည်း ကောင်း၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း သာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၅. ၁၁၁)

အား ကျပ်သန်းပေါင်း(၁၇. ၉၉၁)အဖြစ် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၆၀၄၉၉. ၁၇၄)အား ကျပ်သန်းပေါင်း (၆၀၈၆၂. ၂၃၄)အဖြစ် လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သာမန်သုံးငွေ ကျပ်သန်းပေါင်း(၆၀၄၉၉. ၁၇၄)အား ကျပ်သန်းပေါင်း (၆၀၈၆၂. ၂၃၄) အဖြစ်လည်းကောင်း၊ ဇယား(၆) စုစုပေါင်း သာမန်သုံးငွေ ကျပ်သန်းပေါင်း(၆၂၃၂၇. ၃၆၁)အား ကျပ်သန်းပေါင်း (၆၀၉၄၉. ၄၈၁) အဖြစ် ပြင်ဆင်ပေးပါရန် အဆိုပြုချက်သည် သာမန်အသုံးစရိတ် အပေါ် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အခြေခံ တွက်ချက် ပြင်ဆင်ထားခြင်း ဖြစ်ပါ၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့"ဥပဒေကြမ်း၏ ဇယား(၆)တွင် ပါဝင်သော ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ခေါင်းစဉ် အောက်ရှိ -ပြန်ကြားရေးဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၅၉. ၁၇၆)အား ကျပ်သန်းပေါင်း(၆၉. ၂၅၆) အဖြစ်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၅. ၁၁၁) အား ကျပ်သန်းပေါင်း (၁၇. ၉၉၁)အဖြစ် လည်းကောင်း၊ မြန်မာ့ ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းသာမန်သုံးငွေ ကျပ်သန်းပေါင်း (၁၅. ၁၁၁)အား ကျပ်သန်း ပေါင်း (၁၇. ၉၉၁)အဖြစ် လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန သာမန်သုံးငွေ ကျပ်သန်းပေါင်း (၆၀၄၉၉. ၁၇၄)အား ကျပ်သန်းပေါင်း (၆၀၈၆၂. ၂၃၄)အဖြစ် လည်းကောင်း၊ ပြည်သူ့

ဆောက်လုပ်ရေးလုပ်ငန်း သာမန်သုံးငွေကျပ်သန်းပေါင်း (၆၀၄၉၉. ၁၇၄) အား ကျပ်သန်းပေါင်း (၆၀၈၆၂. ၂၃၄)အဖြစ်လည်းကောင်း၊ ဇယား (၆) စုစုပေါင်းသာမန်သုံးငွေ ကျပ်သန်းပေါင်း (၆၂၃၂၇. ၃၆၁)အား ကျပ်သန်းပေါင်း (၆၀၉၄၉. ၄၈၁)အဖြစ် လည်းကောင်း ပြင်ဆင်ပေးပါရန် " အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

" သဘောတူပါသလား ခင်ဗျား။ "

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်း ပြင်ဆင်ချက် အဆို နောက်(၁)ခု ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။ အဆို(၁၃)နှင့် စပ်လျဉ်း၍ ဇယား(၆)၊ စာတိုင်(၇)တွင် ပါဝင်သော ငွေလုံးငွေရင်းသုံးငွေ စုစုပေါင်း ကျပ်သန်းပေါင်း(၁၅၂၀. ၆၉၆)အား ကျပ်သန်းပေါင်း(၁၃၃၄. ၂၇၃)အဖြစ်လည်းကောင်း ပြောင်းလဲပြင်ဆင်ပေးပါရန် အဆို တင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက် အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ဇယား (၆)၊ စာတိုင်(၇)တွင် ပါဝင်သော ငွေလုံးငွေရင်းသုံးငွေ စုစုပေါင်း ကျပ်သန်းပေါင်း(၁၅၂၀. ၆၉၆)အား ကျပ်သန်းပေါင်း(၁၃၃၄. ၂၇၃) အဖြစ် ပြင်ဆင်ပေးပါရန် အဆိုပြုချက်သည် သာမန်အသုံးစရိတ် အပေါ် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အခြေခံ တွက်ချက် ပြင်ဆင်ထားခြင်းဖြစ်ပါ၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့ " ဥပဒေကြမ်း၏ ဇယား (၆)၊ စာတိုင်(၇) တွင် ပါဝင်သော ငွေလုံးငွေရင်းသုံးငွေ စုစုပေါင်း ကျပ်သန်း ပေါင်း (၁၅၂၀. ၆၉၆)အား ကျပ်သန်းပေါင်း (၁၃၃၄. ၂၇၃) အဖြစ်လည်းကောင်း ပြင်ဆင်ပေးပါရန် " အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ် ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

" သဘောတူပါသလား ခင်ဗျား။ "

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်က ဥပဒေကြမ်းပြင်ဆင်ချက်အဆို နောက်(၁)ခုထပ်မံတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။ အဆို (၁၄)နှင့် စပ်လျဉ်း၍ ဇယား (၅)၊ စာတိုင်(၂)၊(၆)၊ ဇယား(၆)၊ စာတိုင်(၂)၊ (၄)၊ (၇) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ခေါင်းစဉ်အောက်ရှိ- မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေး လုပ်ငန်းတို့အား ပယ်ဖျက်ပေးပါရန်နှင့် ဇယား(၃)အဆုံး၊ စာတိုင် (၂)၊(၆)နှင့်ဇယား(၄)စာတိုင်(၂)(၇)တို့တွင် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းခေါင်းစဉ် အောက်ရှိ- စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတို့အား ထည့်သွင်းပေးနိုင်ပါရန် အဆိုပြု တင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သဘောထားကို တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းနု(ဥပဒေပြုရေးဆိုင်ရာကော်မတီ)။ ဥပဒေကြမ်းပါ ဇယား (၅)၊ စာတိုင်(၂)၊ (၆)၊ ဇယား(၆)၊ စာတိုင် (၂)၊ (၄)၊ (၇)တို့တွင် ပါရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းခေါင်းစဉ်

အောက်ရှိ- မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေး လုပ်ငန်းတို့အား ပယ်ဖျက်ပေးပါရန်နှင့် ဇယား(၃) အဆုံး၊ စာတိုင်(၂)၊ (၆)နှင့် ဇယား(၄) စာတိုင် (၂)(၇)တို့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းခေါင်းစဉ် အောက်ရှိ- စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတို့အား ထည့်သွင်းပေးပါရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍ ဤကော်မတီအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့ ပြင်ဆင်ချက် အဆိုဖြစ်တဲ့ “ ဥပဒေကြမ်း၏ ဇယား (၅)၊ စာတိုင်(၂)၊ (၆)၊ ဇယား(၆)၊ စာတိုင် (၂)၊ (၄)၊ (၇) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ခေါင်းစဉ်အောက်ရှိ- မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းနှင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းတို့အား ပယ်ဖျက်ပေးပါရန်နှင့် ဇယား(၃)အဆုံး၊ စာတိုင်(၂)၊ (၆)နှင့် ဇယား(၄) စာတိုင် (၂)(၇)တို့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းခေါင်းစဉ် အောက်ရှိ- စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတို့အား ထည့်သွင်းပေးပါရန်” အဆိုနဲ့ စပ်လျဉ်းလို့ လွှတ်တော်၏ အဆုံးအဖြတ် ရယူပါမယ်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို အတည်ပြုဖို့ လွှတ်တော်က -

“ သဘောတူပါသလား ခင်ဗျား။ ”

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြင်ဆင်ချက် အဆို အတည်ဖြစ်ကြောင်းနဲ့ အဆိုအတည်ဖြစ်တဲ့ အတွက် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

[ ဩဘာသံများ ]

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းထားသည့် ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို အတည်ပြုအဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုအဆို တင်သွင်းဖို့ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် အား ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၃၊အပိုဒ်ခွဲ(က)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဆင်ရေးဆွဲ၍ ရှမ်းပြည်နယ် လွှတ်တော်သို့ ပြင်ဆင်အဆိုပြုတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

သို့ပါ၍ ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးအား ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီး အား လေးစားစွာဖြင့် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီအဆိုနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်(၁)ဦးက ထောက်ခံမယ်လို့ တင်ပြဖို့ဖြစ်ပါတယ်။

ဒေါ်အေးချိုစိန်(ဖယ်ခုံမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ရှင်။ ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်မှ အဆိုပြုတင်ပြထားသော ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းအပေါ် မှာ ကျွန်မ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန် က အတည်ပြုပေးရန် သင့်တော်ပါကြောင်း သဘောတူထောက်ခံအပ်ပါတယ် ရှင်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနဲ့စပ်လျဉ်းလို့ တင်သွင်းခဲ့တဲ့ ဥပဒေကြမ်းပြင်ဆင်ချက်တွေကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီရဲ့ သဘောထားနဲ့တကွ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူအတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈၊ နည်းဥပဒေခွဲ(ဃ)အရ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုနိုင်ရန်အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်က -

" သဘောတူပါသလား ခင်ဗျား။ "

[ ၃ ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုပြင်ဆင်ထားတဲ့အတိုင်း ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ [ ဩဘာသံများ ]

**အခမ်းအနားမှူး။** ပထမပိုင်း အစည်းအဝေး အစီအစဉ်ကို ခေတ္တရပ်နားပါမယ်။ ယနေ့ ဒုတိယပိုင်း အစည်းအဝေး အစီအစဉ်ကို နေ့လည် (၁)နာရီတိတိမှာ ပြန်လည်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါတော့မယ် ခင်ဗျား။

အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ပထမနေ့ (ဒုတိယပိုင်း)အထူးအစည်းအဝေး
# အစီအစဉ်
# ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယပိုင်းအစည်းအဝေးအစီအစဉ်ကို ပြန်လည်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ် ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ရှမ်းပြည်နယ်လူမှုကဏ္ဍနှင့် စပ်လျဉ်း၍ (၁)နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ယခု ရှမ်းပြည်နယ်လူမှုကဏ္ဍနှင့်စပ်လျဉ်း၍ (၁)နှစ်တာလုပ်ငန်းဆောင်ရွက်မှုအား လွှတ်တော်သို့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

ဒေါက်တာမျိုးထွန်း(လူမှုရေးဝန်ကြီး)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရ (၁)နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့တဲ့ လူမှုရေးကဏ္ဍများနှင့်ပတ်သက်၍ အကျဉ်းချုံး တင်ပြသွားမှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍအနေဖြင့် ဥပဓိရုပ်မကောင်းသော အ-မ-က ကျောင်း(၃၀)အား ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့တို့ ပူးပေါင်း၍ ကျောင်းဆောင်သစ်များအား ဆောက်လုပ် ပေးနိုင်ခဲ့ပါတယ်။ ၎င်းကျောင်းများမှာ -

ဖယ်ခုံမြို့ အမက(၄)၊ ပင်လောင်းမြို့ အမက-ဆောင်းဆီး၊ ရပ်စောက်မြို့ အမက နောင်ရမ်း၊ တောင်ကြီးမြို့ အမက-ထမ့်စင်း၊ ဟိုပုံးမြို့ အမက-ပါယဉ်၊ နမ့်စန်မြို့ အမက-ဟိုင်းနိမ့်၊ လဲချားမြို့ အမက-နောင်ကျိုင်၊ ဆီဆိုင်မြို့ အမက-ညို့မှုး၊ ကွန်ဟိန်းမြို့ အမက-ဟိုနား၊ ညောင်ရွှေမြို့ အမက-ပွေးတောင်၊ ကွတ်ခိုင်မြို့ အမက-ပန်လောက်၊ တန့်ယန်းမြို့ အမက-ဟိုတာ၊ လားရှိုးမြို့ အမက-ပန်ထိုလင်၊ နမ့်ခမ်းမြို့ အမက-မန့်မြိုင်၊ မိုင်းရယ်မြို့ အမက-ပိန်းကွေ့၊ ကွမ်းလုံမြို့ အမက-ကောင်းဟုန်း၊ သိန္နီမြို့ အမက-ခိုယောင်း၊ မန်တုံမြို့ အမက-ပန်ဖိုင်၊ သီပေါမြို့ အမက-စံဖိတ်၊ ကျောက်မဲမြို့ အမက-လွယ်ကြူ၊ မက်မန်းမြို့ အမက-ယောင်ပန်၊ ကျိုင်းတုံမြို့ အမက-ဖာသဲ၊ မိုင်းဖြတ်မြို့ အမက-နမ့်ဟိုင်း၊ မိုင်းခတ်မြို့ အမက-ဝမ်ခုတ်၊ မိုင်းပျင်းမြို့ အမက-ပေွတင်မြို့၊ မိုင်းတုံမြို့ အမက-လွယ်ကျော၊ ကျိုင်းတုံမြို့ အမက-ကားလန်း၊ တာချီလိတ်မြို့ အမက-

ပိန်းညောင်၊ မိုင်းဖြတ်မြို့ အမက-ကွက်သစ်၊ မိုင်းယောင်းမြို့ အမက-ဝမ်တောင်း တို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သီးခြားအစီအစဉ်ဖြင့် ၂၀၁၁ မှ ၂၀၁၂ အတွင်း ပြုပြင်ဆောက်လုပ်ပြီးနှင့် ဆောက်လုပ်ဆဲ ကျောင်းများမှာ -

(၁) မိုင်းပန်မြို့ အလကမွေ့တော်ကျောင်းအတွက် သိန်း (၁၀၀) + ဘိလပ်မြေ (၁၅၀)အိတ်

(၂) လွိုင်လင်မြို့ အမက (၁)ကျောင်းအတွက် သိန်း (၁၀၀)

(၃) ပင်းတယမြို့ အထကကျုံးအတွက် ဘိလပ်မြေ အိတ် (၄၀)

(၄) ပင်းတယမြို့ အထကခွဲမိုင်းအင်အတွက် သိန်း(၂၀) + ဘိလပ်မြေ (၉၀)အိတ်

(၅) ပင်းတယမြို့ မူလွန် ရေဖြူအတွက် သိန်း (၂၀) + ဘိလပ်မြေ (၃၀)အိတ်

(၆) ကျိုင်းတောင်းမြို့နယ်ခွဲ တုန်းဟုန်းအထကကျောင်း အတွက် ဘိလပ်မြေ (၁၀၀)အိတ်

(၇) လားရှိုးမြို့ အမက (၁၄)အေဒီတပ်တွင်းကျောင်း အတွက် (၂၀)သိန်း + သွပ် (၉၅)ချပ်

(၈) လားရှိုးမြို့ အမက နားစောက်အတွက် သိန်း (၁၀၀)

(၉) မိုင်းရယ်မြို့ အမက ဟိုလန်းအတွက် သိန်း (၁၀၀)

(၁၀) မိုင်းယန်းမြို့ အမက ပါမိုင်အတွက် သိန်း (၁၀၀)

(၁၁)မိုင်းဆတ်မြို့ အမက ပိန်းခမ်းအတွက် သိန်း (၁၀၀)

(၁၂)မိုးနဲမြို့ အထကကျောင်း ခေါင်းလောင်းဆောင် ပြုပြင်ရန် (၁၀)သိန်း + ဘိလပ်မြေ (၅၀)အိတ်

(၁၃)ဖယ်ခုံမြို့ မိုးဗြဲအထကကျောင်းသိပ္ပံခန်း ပြုပြင်ရန် (၁၅)သိန်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့တွင် တောင်ကြီး အထက(၄)၊ လွိုင်လင်အထကကျောင်းများအတွက် စာသင်ခုံ အစုံ(၆၀၀)အတွက် ငွေကျပ်သိန်း(၈၀) ထောက်ပံ့ပေး နိုင်ခဲ့ပါတယ်။

ဟိုမိန်းအထကအတွက် ကွန်ပျူတာ+ပရင်တာမိတ္တူကူးစက်

| | |
|---|---|
| မနုဒေသရှိ ကျောင်းများအတွက် ကွန်ပျူတာ | (၈) စုံ |
| ပအိုဝ်းဒေသရှိ ကျောင်းများအတွက် ကွန်ပျူတာ | (၅) စုံ |
| ဟိုပန် အထက ကျောင်းအတွက် ကွန်ပျူတာ | (၃) စုံ |
| ကွမ်းလုံအထကကျောင်းအတွက် ပရင်တာ | (၂) လုံး |

တို့အား ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

မြို့နယ်(၁၄)မြို့နယ်ရှိ အထကကျောင်းများအတွက် ပညာရေး ငွေပဒေသာပင်(၁၃၅)သိန်း စိုက်ထူပေးနိုင်ခဲ့ပါတယ်။ နီပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်း ဆောင်ရွက်မှုဖြင့် ကျောင်း (၂၀)အား ပြုပြင်ဆောက်လုပ်လျက်ရှိရာ -

တောင်ကြီးမြို့ ရေနွေးအမကကျောင်း၊ ညောင်ရွှေမြို့ နမ့်လီ မူလွန်ကျောင်း၊ ပင်လောင်းမြို့ တောင်လေးမူလွန်ကျောင်း၊ ဟိုပုန်းမြို့ နမ့်ခုတ် အထက၊ ပင်းတယမြို့ ကျုံး အထက၊ ပွေးလှ အထက၊တမ

မူလွှန်ကျောင်း၊ဆီဆိုင်မြို့ဘုရားဖြူအထက(ခွဲ)ကျောင်း၊တောင်ကြီးမြို့ တောင်နီ အထက(ခွဲ)ကျောင်း၊ ကျောင်းဆောင်များအား ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ဖြတ်သန်းသွားသည့် မြို့နယ်များရှိ ကျောင်းများအတွက်**(CNPC)** ကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းပေးလျက်ရှိသည့် ကျောင်းများမှာ -

| | |
|---|---|
| နမ္မတူမြို့နယ် | အထက(ခွဲ) ပန်လုံ |
| နောင်ချိုမြို့နယ် | အလက-နောင်ချို အထက-ဘန့်ဘွေး၊ အမက-ဘော် |
| ပန်တုံမြို့နယ် | အလက-ဗန်မော်၊အမက-မိုင်းယုတ်၊အမက-မန်ခမ်း၊ အမက-ပန်ခါကြီး၊မူလွှန်-လွယ်ခမ်း |
| နမ့်ခမ်းမြို့နယ် | အမက-ကွန်ဟိုင်း၊ အမက-မိန်းဆက် |

မူဆယ်မြို့နယ် အထက(၂)မှ ကျောင်းဆောင် တို့ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်မှုမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် အထက (၉)ကျောင်း၊ အထက(ခွဲ) (၆)ကျောင်း၊ အလက (၂)ကျောင်း၊ အလကခွဲ (၃)ကျောင်း၊ အမက (၂)ကျောင်း၊ အမက(ခွဲ) (၂၁)ကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အထက (၃)ကျောင်း၊ အထက(ခွဲ)(၄)ကျောင်း၊ အလက(ခွဲ) (၁၈)ကျောင်း၊ အမက (၈)ကျောင်း၊ အမက(ခွဲ) (၁၀၄)ကျောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် အမက(၁)ကျောင်း၊ အမက(ခွဲ)(၃)ကျောင်း၊ ရှမ်းပြည်နယ် အတွင်း စုစုပေါင်း(၁၈၄)ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ကျောင်းအဆင့်တိုးမြှင့်ပေးရန် လျှောက်ထားရာ၌လိုအပ်ချက်များမှာ အထက(ခွဲ)၊ အထက(တွဲ) ကျောင်းများ အထက အဆင့်လျှောက်ထားရာတွင် အထက်တန်းကျောင်းသား(၁၇၀)နှင့် အထက်ရှိရန် လိုအပ်ပါတယ်။ အထက(တွဲ)ကျောင်းမှ အထက(ခွဲ)အဆင့်သို့ လျှောက်ထားရာတွင် အထက်တန်း ကျောင်းသား(၅၀)နှင့် အထက်ရှိရန် လိုအပ်ပါတယ်။ အလကကျောင်းမှ အထက(ခွဲ) အဆင့်သို့ လျှောက်ထားရာတွင် အလယ်တန်းကျောင်းသား (၃၀၀)နှင့် အထက်ရှိရန် လိုအပ်ပါတယ်။ အလက(ခွဲ)၊ အလက(တွဲ)၊ မူလတန်းလွန်ကျောင်းများမှ အလကအဆင့်သို့ လျှောက်ထားရာတွင် အလယ်တန်း ကျောင်းသား (၂၄၀)နှင့် အထက်ရှိရန် လိုအပ်ပါတယ်။ အလက(တွဲ)၊ မူလတန်းလွန်ကျောင်းများမှ အလက(ခွဲ)အဆင့်သို့ လျှောက်ထားရာတွင် အလယ်တန်းကျောင်းသား(၁၅၀)နှင့် (၂၄၀)ကြားရှိရန် လိုအပ်ပါတယ်။ အမကကျောင်းများမှ မူလတန်းလွန်ကျောင်းအဆင့်သို့ လျှောက်ထားရာတွင် ကျောင်းသား (၂၅၀)နှင့်အထက် ရှိရန်လိုအပ်ပါတယ်။ အမက(ခွဲ)၊ အမက(တွဲ) ကျောင်းများမှ အမကကျောင်းအဆင့်သို့ လျှောက်ထားရာတွင် ကျောင်းသား (၅၅)ယောက်နှင့် အထက်ရှိရန်လိုအပ်ပါတယ်။ အမက(တွဲ)ကျောင်းမှ အမက(ခွဲ)ကျောင်းအဆင့်သို့ လျှောက်ထားရာတွင် ကျောင်းသား(၂၅)နှင့် (၅၅)ကြားရှိရန် လိုအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍဆောင်ရွက်မှုများမှာ ဆေးရုံပေါင်း (၃၂)ရုံအတွက် ဆေးပဒေသာပင် (၃၄၀)သိန်း စိုက်ထူပေးနိုင်ခဲ့ပါတယ်။

ဖယ်ခုံမြို့နယ် ဘန်းမိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန် ငွေကျပ်(၁၀)သိန်းနှင့် ဘိလပ်မြေ(၅၀)အိတ်၊ ကွမ်းလုံမြို့၊ ပြည်သူ့ဆေးရုံ **(ULTRASOUND)**ဝယ်ယူတပ်ဆင်ရန် ငွေကျပ်(၆)သိန်း၊ ရွာငံမြို့နယ်၊ မြိုင်တိုက်နယ်ဆေးရုံ ဓါတ်မှန်ဆောင်အဆောက်အဦးဆောက်ရန် ငွေကျပ် (၅)သိန်း၊ ပင်းတယမြို့၊ ပွေးလှတိုက်နယ်ဆေးရုံ အဝီစိရေတွင်းတူးရန်အတွက် ငွေကျပ်(၁၀)သိန်း၊ တောင်ကြီးမြို့၊ အမျိုးသမီးနှင့် ကလေးဆေးရုံ သင်ကြားရေး အထောက်အကူပစ္စည်းဝယ်ယူရန် ငွေကျပ်(၃)သိန်း၊ လားရှိုးမြို့ မိုင်းတင်ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန် ငွေကျပ်(၆၀)သိန်း၊ တန့်ယန်းမြို့၊ မန်ကပ်တိုက်နယ် ဆေးရုံရေပိုက် သွယ်တန်းရန် (၆)သိန်း၊ ပင်လောင်းမြို့၊ ပေါင်းလောင်းတိုက်နယ် ဆေးရုံအုတ်မြစ်ချရန် ဘိလပ်မြေအိတ် (၁၀၀)၊ ကွမ်းလုံမြို့နယ်၊ ပြည်သူ့ဆေးရုံလူနာဆောင်ပြုပြင်ခြင်းအတွက် ငွေကျပ် (၂၁. ၅)သိန်း၊ တောင်ကြီးမြို့၊ နောင်ဝိုးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦးဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း (၂၀)နှင့် ဘိလပ်မြေ (၅၀)အိတ်တို့အား ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဖြတ်သန်းသွားသည့်မြို့နယ်များအတွက်(CNPC)ကုမ္ပဏီမှ ဆောက်လုပ်ပေးသည့် ကျန်းမာရေးအဆောက်အဦးများမှာ- နောင်ချိုမြို့နယ်၊ အနောက်ကြူအင်း ကျေးလက်ကျန်းမာရေးဌာန၊ နောင်ချိုမြို့နယ်၊ မြက်ချိုးနုကျေးလက်ကျန်းမာရေးဌာန၊ မန်တုံမြို့နယ်ဆေးရုံ အကြီးစားပြုပြင်ခြင်း၊ သီပေါမြို့နယ် လောင်ခွန်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ သီပေါမြို့နယ်၊ မိုးတေကျေးလက်ကျန်းမာရေးဌာနခွဲတို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း အဆင့်တိုးမြှင့်ပေးခဲ့သော ဆေးရုံများမှာ- တောင်ကြီးမြို့နယ်၊ အေးသာယာတိုက်နယ်ဆေးရုံအား (၁၆)ကုတင်မှ (၂၅)ကုတင်သို့ လည်းကောင်း၊ **သီပေါမြို့နယ်၊** နမ့်လန်တိုက်နယ်ဆေးရုံအား (၁၆)ကုတင်မှ (၂၅)ကုတင်သို့ လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။

အသစ်ဆောက်လုပ်ပေးသော အဆောက်အဦးများမှာ- ဟိုပုန်းမြို့နယ်ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ယာ၊ ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ယာ၊ မိုင်းတုံမြို့နယ်၊ ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ယာ၊ မက်မန်းမြို့နယ်ပြည်သူ့ဆေးရုံခွဲစိတ်ခန်း၊ တာချီလိတ်မြို့နယ် တာလေမြို့နယ်ခွဲဆေးရုံ ဝန်ထမ်းအိမ်ယာ၊ ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံ ဓာတ်မှန်ခန်းပြုပြင်မွမ်းမံခြင်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်း၊ ကွတ်ခိုင်မြို့နယ်ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ယာ၊ မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ယာ၊ သိန္နီမြို့နယ် ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ယာ၊ နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံခွဲစိတ်ခန်းတို့ကို အသစ်ဆောက်လုပ် ပေးခဲ့ပါတယ်။

ဒုတိယသမ္မတ(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ၏ (၄-၉-၂၀၁၁)ရက်နေ့ ရှမ်းပြည်နယ်ခရီးစဉ်များ၌ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့လှူဒါန်းခဲ့မှုများမှာ- အမျိုးသမီးနှင့်ကလေးဆေးရုံကြီးအတွက် အလှူရှင်များမှ လှူဒါန်းငွေ(၂၀)သိန်း၊ **Incubator** ၁ လုံး၊ ဓာတ်လှေခါး (၁)စင်း၊

ဒုတိယသမ္မတ(၂) ဒေါက်တာစိုင်းမောက်ခမ်း၏ ရှမ်းပြည်နယ်အတွင်း ခရီးစဉ်များ၌ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့လှူဒါန်းခဲ့မှုများမှာ (၁၃-၁၂-၂၀၁၁ မှ ၁၇-၁၂-၂၀၁၁)အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)ခရီးစဉ်၌ ပညာရေးကဏ္ဍအတွက် -

ကန့်သတ်

| | | |
|---|---|---|
| အထက-၇၊ လားရှိုး | ပညာရေးငွေပဒေသာပင် | ၀ သိန်း |
| အထက-၁၊ လားရှိုး | ပညာရေးငွေပဒေသာပင် | ၂၀ သိန်း |
| အထက-၁၊ လားရှိုး | ကွန်ပျူတာ(၁၀)လုံးနှင့် ဆက်စပ် ပစ္စည်းများ ဝယ်ယူရန် | ၅၀ သိန်း |
| အထက-၁၊ မူဆယ် | ပညာရေးငွေပဒေသာပင် | ၅၀ သိန်း |
| | ကွန်ပျူတာ(၁၀)လုံးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် | ၅၀ သိန်း |
| အထက(ခွဲ) မူဆယ် | နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန် | ၁၂၀၀ သိန်း |
| အထက-သိန္နီ | ပညာရေးငွေပဒေသာပင် | ၁၀၀ သိန်း |
| အထက-ကွမ်းလုံ | ပညာရေးထောက်ပံ့ငွေ | ၁၀၀ သိန်း |
| | ကွန်ပျူတာ(၁၀)လုံးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် | ၅၀ သိန်း |
| အထက-မိုင်းရယ် | ပညာရေးငွေပဒေသာပင် | ၈၀ သိန်း |
| | **ACE** ကုမ္ပဏီမှ လှူဒါန်းငွေ | ၁၅၀ သိန်း |
| အထက-တန့်ယန်း | ပညာရေးငွေပဒေသာပင် | ၁၅၀ သိန်း |
| | **ACE** ကုမ္ပဏီမှ လှူဒါန်းငွေ | ၁၈၄ သိန်း |
| | (နတလ လူငယ် အလှူငွေ | ၂၀၀ သိန်း |
| | သင်တန်းကျောင်း) | ၂၀၀ သိန်း |
| | **Max Myanmar** ကုမ္ပဏီမှ လှူဒါန်းငွေ | |
| | စုစုပေါင်း | ၂၆၀၄ သိန်း |

လှူဒါန်းခဲ့ပါတယ်။

ကျန်းမာရေးကဏ္ဍအတွက်

| | |
|---|---|
| ကျိုင်းတုံဆေးရုံကြီးအတွက်ငွေကျပ် | ၁၀၀ သိန်း |
| စစ်စံထွန်းဆေးရုံကြီးအတွက်ငွေကျပ် | ၁၀၀ သိန်း |
| အမျိုးသမီးနှင့် ကလေးဆေးရုံကြီးအတွက် ငွေကျပ် | ၁၀၀ သိန်း |
| လားရှိုးပြည်သူ့ဆေးရုံကြီး **CT Scan** တစ်လုံး ဝယ်ယူရန် | ၄၀၀၀ သိန်း |
| (လားရှိုးသူနာပြု/သားဖွားသင်တန်းကျောင်း) ငွေပဒေသာပင် | ၁၀၀ သိန်း |
| (မြန်မာနိုင်ငံဆရာဝန် မတည်ငွေ အသင်းတိုက် - လားရှိုး) | ၁၀၀၀ သိန်း |
| မူဆယ်ဆေးရုံ ငွေပဒေသာပင် | ၂၀၀ သိန်း |
| သိန္နီဆေးရုံ ငွေပဒေသာပင် | ၁၀၀ သိန်း |
| ကွမ်းလုံဆေးရုံ ငွေပဒေသာပင် | ၁၀၀ သိန်း |
| မိုင်းရယ်ဆေးရုံ ငွေပဒေသာပင် | ၂၀၀ သိန်း |
| တန့်ယန်းဆေးရုံ ငွေပဒေသာပင် | ၃၀၀ သိန်း |
| **စုစုပေါင်း** | **၆၃၀၀ သိန်း** |

အား လှူဒါန်းပေးခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

ဒုတိယသမ္မတနှင့် ဒေါက်တာစိုင်းမောက်ခမ်း၏(၁၁-၂-၂၀၁၂) ရက်နေ့ ခရီးစဉ်တွင် တန့်ယန်းမြို့၊ အခြေခံပညာကျောင်းများတွင် ကျောက်သန့်စင်ခန်းဆောက်လုပ်ရန်အတွက် စုစုပေါင်းကျောင်း (၇၀) အား တစ်ကျောင်းလျှင် (၅)သိန်းနှုန်းဖြင့် စုစုပေါင်းသိန်း(၃၅၀)လှူဒါန်း ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

သဘာဝဘေးကဏ္ဍအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးခဲ့မှုများမှာ ကွမ်းလုံမြို့နယ် မီးဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့လှူဒါန်းခြင်း (၆၅)သိန်း၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ကလောမြို့နယ်၊ တောင်ကြီးမြို့နယ်၊ နမ့်စန်မြို့နယ်များရှိ လေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စု(၁)စုလျှင် (၅)သောင်းကျပ်နှုန်းဖြင့် စုစုပေါင်း(၁၀၄. ၅)သိန်းအား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ- ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း အခမဲ့မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ စုစုပေါင်း - ၄၉၉၀၀၀ ဦးအတွက် ကျောင်းသုံးဖတ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်(၆)အုပ်စီကို အခမဲ့ထောက်ပံ့ပေးမည် ဖြစ်ပါတယ်။ စုစုပေါင်းကျောင်းသုံးဗလာစာအုပ် ၂၄၉၅၀၀၀ ဒါဇင်ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

အခမဲ့ဖြန့်ဝေပေးရမည့် မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူများ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင် အခြေခံပညာသင်ရိုးမာတိကာအတိုင်း သင်ကြားပေးနေသည့် ပရဟိတကျောင်းများနှင့် အကျဉ်းစခန်းများရှိ မူလတန်းပညာသင်ယူနေသူများအားလုံး အကျုံးဝင်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် (၅၀)မှ ခန့်မှန်းခြေရှိနိုင်မည့် မူလတန်း ကျောင်းသား/ကျောင်းသူများ အရေအတွက်နှင့် အခမဲ့ဖြန့်ဝေပေးမည့် လေ့ကျင့်ခန်းစာအုပ်ဒါဇင်များအား မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ဖြန့်ဝေပေးထားပြီး ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ကန့်သတ်


လွှတ်တော်ကိုယ်စားလှယ်များအား မေတ္တာရပ်ခံလိုသည်မှာ အခမဲ့မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ကူညီကြီးကြပ်ပေးရန်နှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေမြဲရေး ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ ဩဘာသံများ ]

## ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအား ဖြည့်စွက်ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်တွင်လစ်လပ်လျက်ရှိသော ပြည်နယ်စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ရာထူးနေရာအတွက် ပြည်နယ်ဝန်ကြီးအဖြစ်ခန့်အပ်ရန် ပြည်နယ်ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁)အရ သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်အား ရွေးချယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(ခ)အရ အမည်စာရင်းအား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့(၁၅-၃-၂၀၁၂)ရက်နေ့တွင် တင်သွင်းခဲ့ပြီး ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ(၅၂)အရ ပြည်နယ်လွှတ်တော်တွင် သဘောတူညီချက် ရယူရန် အတွက် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ကန့်သတ်

အဆိုပါအမည်စာရင်းတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ နောင်ချို မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက ပြည်နယ်ဝန်ကြီးချုပ်မှ အဆိုပြုအမည်စာရင်းတင်သွင်းထားသော ပုဂ္ဂိုလ်အား ကန့်ကွက် ကြောင်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ အဆိုပြုထားသည့် ပုဂ္ဂိုလ် အစား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ထဲမှသာ ရွေးချယ်ခန့်အပ် သင့်ပါကြောင်း အဆိုတင်သွင်းခဲ့ပါတယ်။

ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူရာ၊ အစည်းအဝေးသို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် (၁၂၇) ဦးအနက် (၁၁၈)ဦးက၊ ကန့်ကွက် ကြောင်း အဆိုအား လက်ခံဆွေးနွေးရန် ဆန္ဒပြုသဖြင့် လွှတ်တော် ကိုယ်စားလှယ် (၄)ဦးက ဦးကျော်မြ၏ ကန့်ကွက်ကြောင်းအဆိုအား ထောက်ခံဆွေးနွေးခဲ့ပါတယ်။

ယခု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၅၈) အရ ကန့်ကွက်ကြောင်းအဆိုကို သဘောတူ/ မတူ လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၇)၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ကန့်ကွက်ကြောင်းအဆိုကို သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန် ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ကန့်ကွက်ကြောင်း အဆိုကို သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၉၃)ဦး ဖြစ်ပြီး၊ သဘောမတူတဲ့ ကိုယ်စားလှယ်ဦးရေဟာ (၃၃)ဦး ဖြစ်ပါတယ်။ ဒါကြောင့် ကန့်ကွက်ကြောင်းအဆိုကို သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက် ကျော်လွန်သည့်အတွက် လွှတ်တော်၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို လွှတ်တော်သို့ ထပ်မံတင်သွင်းခြင်းကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၅၈၊ နည်းဥပဒေပုဒ်မခွဲ(ခ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အား အကြောင်းကြားသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။
[ သြဘာသံများ ]

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့ကို မနက်ဖြန် ဧပြီလ(၂၆) ရက်နေ့(ကြာသပတေးနေ့)နံနက် (၁၀း၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါတော့မယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်
အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့ကို
ညနေ(၁၃၂၅ )နာရီအချိန်တွင် ရပ်နားပါသည်။ ]

# ရှမ်းပြည်နယ်

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး (၁/၂၀၁၂) ဒုတိယနေ့ မှတ်တမ်း

## ၁၃၇၄ ခု ၊ ကဆုန်လဆန်း ၆ ရက်

## ( ၂၀၁၂ ခုနှစ်၊ ဧပြီ လ ၂၆ ရက် )

## [ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)ဒုတိယနေ့ အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ်ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျာ၊ မကြာမီအချိန်အတွင်း ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကန့်သတ်

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား ။

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**
**အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့**
**အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း**

**ကြေညာခြင်း**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့် ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၂၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်စုစုပေါင်း၏ (၈၈. ၈)ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ နှင့် နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

[ ဩဘာသံများ ]

# ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ဒုတိယနေ့အစီအစဉ်ကို ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် တခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်း ကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့် ပန်ကြားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၁၄၃)ဦးရှိပြီး၊ ယခင်ကခွင့်ပြုထားသူ စုစုပေါင်း(၁၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို -

" အတည်ပြုပါသလား ခင်ဗျား။ "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]

# စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအဆင့်ဆင့်ဖွဲ့စည်းမှုများ နှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးမှ ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းခြင်း။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်းမှုများနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးမှ ပြည်နယ် လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြား ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခွန်သိန်းမောင်(ပြည်နယ်ဝန်ကြီး)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စား လှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့(၂၃-၃-၂၀၁၂)ရက်နေ့မှာ နေပြည်တော် စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ စီမံကိန်းစာရင်းဇယားများ ခွဲဝေ တာဝန်ယူမှုနှင့်အနာဂတ်ကာလမှာ အကောင်အထည်ဖော်ဆောင်ရွက် မည့်ပြည်ထောင်စုအစိုးရမှ တာဝန်ယူသည့်ကဏ္ဍအလိုက် စီမံကိန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူမည့် ဒေသန္တရစီမံကိန်း အကြောင်းများကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်နှင့်

ပါဝင်ဆောင်ရွက်သွားနိုင်ရန်အတွက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှင်းလင်းတင်ပြခွင့် ပြုနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်။

၁။ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းတဲ့နေရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရသစ်ကို ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးမူဝါဒအရ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေပြီဖြစ်ကြောင်း၊ လက်ရှိတိုးတက်မှု ရှိပြီဖြစ်၍ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း စိုက်ပျိုးရေးကဏ္ဍမှ ရရှိလာတဲ့ ဓနအင်အား၊ ပြည်တွင်းပြည်ပအရင်းအနှီးများကို ရယူပြီး ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်သွားရန် ရည်မှန်းထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေထားပြီးဖြစ်သဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအချင်းချင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု **(Co-operation)**၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု **(Co-ordination)**ရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်း၊ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်ထောင်စုအစိုးရမှ တာဝန်ယူရမည့် ကဏ္ဍအလိုက်စီမံကိန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စာရင်းဇယားများကို ရယူမှာ ဖြစ်ပြီး ဒေသန္တရစီမံကိန်းစာရင်းဇယားများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ

အတည်ပြုထားသော စီမံကိန်းဆိုင်ရာ စာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ယူရမည်ဖြစ်တဲ့အကြောင်း၊ ယခင်အခါက အမျိုးသားစီမံကိန်းရေးဆွဲရာတွင် တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး **(GDP)**ကို အဓိက တိုင်းတာတွက်ချက်ဆောင်ရွက်ရာမှ ယခုအခါ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်သော အမျိုးသားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း **(National Development Plan )**ကို ရေးဆွဲရမှာဖြစ်ကြောင်း၊**(National Development Plan)**ရေးဆွဲရာတွင် အခြေခံဖြစ်သော ရပ်ကွက်အဆင့်မှ စတင်သည့် ဒေသန္တရစာရင်းဇယားများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းကဏ္ဍအသီးသီးမှ စတင်သည့် လုပ်ငန်း ကဏ္ဍစာရင်းဇယားများကို **SNA 1968** မှ **SNA 2008** သို့ ပြောင်းလဲကောက်ယူမည့်စနစ်အတိုင်း စာရင်းဇယားများကို မှန်မှန်ကန်ကန်စုစည်း၍ တွက်ချက်ရမည်ဖြစ်ကြောင်း အဖွဲ့ဝင်မိန့်ခွန်းမှာ ပြောကြားသွားပါတယ်။

၂။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုဒ် ၁၀၀(ခ)အရ အမျိုးသားစီမံကိန်းကို ပြည်ထောင်စု လွှတ်တော်သို့ လည်းကောင်း၊ အပိုဒ် ၁၉၀(ခ)အရ ဒေသန္တရစီမံကိန်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့လည်းကောင်း တင်သွင်းရမည်ဟူ၍ ဖော်ပြထားပြီး၊ အပိုဒ်(၂၂၀)အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော စီမံကိန်းများရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟူ၍လည်းကောင်း၊ အပိုဒ် ၂၅၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းများကို သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ပြောကြားခဲ့ပါတယ်။

၃။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာ၌ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာများ၊ အသင်း၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် အဖွဲ့များဖြင့် ရေးဆွဲအကောင်အထည်ဖော်ရန် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခဲ့ပါကြောင်း၊ ထို့အပြင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ လက်ရှိအနေအထားအရ မြို့နယ်တစ်မြို့နယ်တွင် ဝန်ထမ်းဦးရေ (၁)ဦးရှိ ရုံး (၂၄)ရုံး၊ ဝန်ထမ်းဦးရေ (၂) ဦးရှိသည့် ရုံး(၃၈)ရုံး၊ ဝန်ထမ်းဦးရေ (၃)ဦးရှိသည့်ရုံး (၇၀) ရုံးနှင့် ဝန်ထမ်းဦးရေ (၄)ဦးနှင့် အထက်ရှိသည့် ရုံး (၁၈၉)ရုံးသို့ရှိသည့်အတွက် ယင်းဝန်ထမ်းဦးရေသည် မြို့နယ်တစ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများစွာရှိ လုပ်ငန်းကဏ္ဍများစွာကို ကွင်းဆင်းစာရင်းကောက်ယူနိုင်ရန်နှင့် စီမံကိန်းရေးဆွဲရန် အင်အား မလုံလောက်သည့်အတွက် မြို့နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းပြီး ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးရုံး စာရေးဝန်ထမ်းများအား စီမံကိန်းစာရင်းဇယား ကောက်ယူရေး သင်တန်းပေးလျက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်၏ အထက်တွင်လည်း ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်စီမံကိန်းများရေးဆွဲရေးအကောင်အထည်ဖော်ရေး ကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှသာလျှင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအတွက် ဒေသန္တရစီမံကိန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မိမိတို့အစီအစဉ်ဖြင့် ရေးဆွဲသွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အဓိကအားဖြင့် အမျိုးသားစီမံကိန်းမှာပါဝင်တဲ့ **(Town Plan) (Basic Plan)**များ ရေးဆွဲတဲ့နေရာမှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများဘက်မှ သက်ဆိုင်ရာဝန်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း ဆွေးနွေးသွားပါတယ်။

ကျေးလက်နှင့်မြို့ပြစီမံကိန်းရေးဆွဲရန် လိုအပ်ရတဲ့ အကြောင်းရင်းကတော့ နေအိမ်နှင့် လယ်ယာစိုက်ပျိုးမြေ ပိုင်ဆိုင်မှု အချိုးအစားဟာ လူဦးရေတိုးတက်လာသောကြောင့် ရှိတဲ့အခြေအနေ ပေါ် မှာ ခွဲဝေနေထိုင်ရတဲ့အတွက် မြို့ပြ၊ ကျေးလက်ပုံစံမှာ စနစ်မကျဖြစ်လာပါတယ်။ **(Town Plan) (Basic Plan )**မရှိတဲ့အတွက် **(Plan)**ကောင်းရှိရန် လိုအပ်လာမှာ ဖြစ်ပါတယ်။ မြို့နယ် တစ်မြို့နယ်မှာ ရေအရင်းအမြစ်၊ စားနပ်ရိက္ခာ၊ တွင်းထွက်ပစ္စည်း၊ မြို့ပြထူထောင်မှု စသည်တို့အတွက် ကြိုတင်ပြင်ဆင်တဲ့ **( Plan )** တွေကို သီးခြားဆွေးနွေးသွားခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး တော့ စက်မှုဖွံ့ဖြိုးရန် ဆောင်ရွက်မှသာ လူနေမှုအဆင့်၊ လူမှုစီးပွားရေး ဘဝ၊ တိုးတက်ရေးကို ဖော်ဆောင်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် **( Towm Plan ) (City Plan )**များကို ရေးဆွဲရေးဟာ အရေးပါတဲ့အခန်းမှာ ပါဝင်လာပါတယ်။ မြို့ပြဖြစ်ထွန်းရေးအတွက် **( Plan )** ရေးဆွဲတဲ့နေရာမှာ သစ်တောမှ သစ်ပင်ရရှိရေး၊ ရေအရင်းအမြစ်ရရှိရေး၊ လျှပ်စစ်ကဏ္ဍမှ လျှပ်စစ်ရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေးနှင့် အများနှင့်သက်ဆိုင်တဲ့ အားကစားကွင်း၊ အပန်းဖြေ ပန်းခြံ ပြည်သူ့ဈေး စသည်တို့ကို စနစ်တကျ ရေးဆွဲပြီးတော့ ဌာန ဆိုင်ရာများနှင့် **( NGO )**များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များမှ မိမိတို့နှင့် သက်ဆိုင်သောကဏ္ဍတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အကြောင်းကို ဆွေးနွေးခဲ့ပါတယ်။

**စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ အဆင့်ဆင့်ဖွဲ့စည်းမှု**

၄။ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းမှုကို အောက်ပါအကြံပြုပုံစံအတိုင်း နယ်မြေဒေသ အလိုက် သင့်လျော်သလို ဖွဲ့စည်းနိုင်တဲ့အကြောင်း ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ -

(က) တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းများရေးဆွဲအကောင် အထည်ဖော်ရေးကော်မတီကို တင်ပြပါအတိုင်းဖွဲ့စည်း သွားမှာ ဖြစ်ပါတယ် -

(၁) တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ဥက္ကဋ္ဌ အဖွဲ့မှ စီမံကိန်းတာဝန်ပေးအပ်သော ဝန်ကြီးဟာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်သွားမှာဖြစ်ပြီးတော့

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင် ကိုယ်စားလှယ်

(၃) လယ်ယာ ကဏ္ဍဆိုင်ရာဌာနဆိုင်ရာ အဖွဲ့ဝင် ကိုယ်စားလှယ်

(၄) သားငါးကဏ္ဍဆိုင်ရာဌာနဆိုင်ရာ အဖွဲ့ဝင် ကိုယ်စားလှယ်

(၅) သစ်တောနှင့် ပတ်ဝန်းကျင် အဖွဲ့ဝင် ထိန်းသိမ်းရေးဆိုင်ရာ ဌာနကိုယ်စားလှယ်

(၆) စက်မှု၊ သတ္တုဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့ဝင် ကိုယ်စားလှယ်

(၇) ဝန်ဆောင်မှုကဏ္ဍအလိုက်ဆိုင်ရာ အဖွဲ့ဝင်
ဌာနဆိုင်ရာ ကိုယ်စားလှယ်

ကျွန်တော်တို့ ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ ဌာနဆိုင်ရာ ဆိုတာ ကျွန်တော်တို့ ပညာရေး၊ ကျန်းမာရေး ဒါတွေ ပါဝင်မှာ ဖြစ်ပါတယ်။

(၈) မြို့မိ၊ မြို့ဖများ အဖွဲ့ဝင်

မြို့မိ၊ မြို့ဖများ ဆိုတဲ့နေရာမှာ ကျေးရွာတွေမှာ သော်လည်းကောင်း၊ မြို့နယ်တွေမှာ သော်လည်းကောင်း၊ မြို့မှာ သော်လည်းကောင်း၊ မြို့မိ၊ မြို့ဖများအဖြစ် တာဝန်ယူရတဲ့ ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ ပါဝင်မှာ ဖြစ်ပါတယ်။

(၉) ဆောက်လုပ်ရေးကဏ္ဍနှင့်ဆိုင်သော အဖွဲ့ဝင်
ကိုယ်စားလှယ်ကလည်း

(၁၀) တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးဌာနမှူး
အတွင်းရေးမှူး အဖြစ် ဆောင်ရွက်သွားမှာ
ဖြစ်ပါတယ်။

## (ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ

ဒီနေရာမှာ -

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ အဖွဲ့မှ စီမံကိန်းတာဝန်ပေးအပ်သော ပုဂ္ဂိုလ်ဟာ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်ရမှာ ဖြစ်ပြီး၊

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင် ကိုယ်စားလှယ်

(၃) လယ်ယာကဏ္ဍဆိုင်ရာဌာနဆိုင်ရာ အဖွဲ့ဝင် ကိုယ်စားလှယ်

(၄) သားငါးကဏ္ဍဆိုင်ရာဌာနဆိုင်ရာ အဖွဲ့ဝင် ကိုယ်စားလှယ်

(၅) သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဌာနဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့ဝင်

(၆) စက်မှု၊ သတ္တုဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့ဝင် ကိုယ်စားလှယ်

(၇) ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ ဌာနဆိုင်ရာကိုယ်စားလှယ် အဖွဲ့ဝင်

(၈) မြို့မိ၊ မြို့ဖများ အဖွဲ့ဝင်

(၉) ဆောက်လုပ်ရေးကဏ္ဍနှင့်ဆိုင်သော အဖွဲ့ဝင် ကိုယ်စားလှယ်

(၁၀) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသစီမံကိန်းဦးစီးမှူး က အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းသွားရမှာ ဖြစ်ပါတယ်။

(ဂ) ခရိုင်စီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်ရေးကော်မတီ

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | လယ်ယာကဏ္ဍဆိုင်ရာဌာနဆိုင်ရာ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၃) | သားငါးကဏ္ဍဆိုင်ရာဌာနဆိုင်ရာ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၄) | သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဌာနဆိုင်ရာ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၅) | စက်မှု၊ သတ္တုဆိုင်ရာဌာနဆိုင်ရာ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၆) | ဝန်ဆောင်မှုကဏ္ဍဆိုင်ရာဌာန ဆိုင်ရာကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၇) | မြို့မိ၊ မြို့ဖများ | အဖွဲ့ဝင် |
| (၈) | ဆောက်လုပ်ရေးကဏ္ဍနှင့် ဆိုင်သော ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၉) | ခရိုင်စီမံကိန်းဦးစီးဌာနမှူး ကတော့ အတွင်းရေးမှူး အဖြစ် ပါဝင်ပြီး၊ ဖွဲ့စည်းပေးရမှာ ဖြစ်ပါတယ်။ | |

(ဃ) မြို့နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်
ဖော်ရေးကော်မတီ အနေဖြင့်

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်သွားရမှာ ဖြစ်ပြီး -

(၂) လယ်ယာကဏ္ဍဆိုင်ရာဌာနဆိုင်ရာ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၃) သားငါးကဏ္ဍဆိုင်ရာဌာနဆိုင်ရာ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၄) သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဌာနဆိုင်ရာ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၅) စက်မှု၊ သတ္တုဆိုင်ရာဌာနဆိုင်ရာ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၆) ဝန်ဆောင်မှုကဏ္ဍဆိုင်ရာဌာန ဆိုင်ရာကိုယ်စားလှယ် — အဖွဲ့ဝင်

(၇) မြို့မိ၊ မြို့ဖများ — အဖွဲ့ဝင်

(၈) ဆောက်လုပ်ရေးကဏ္ဍနှင့်ဆိုင်သော ကိုယ်စားလှယ် — အဖွဲ့ဝင်

(၉) မြို့နယ်စီမံကိန်းဦးစီးမှူးကတော့ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီလို စီမံကိန်းများရေးဆွဲရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းမှုကို နယ်မြေဒေသအလိုက် သင့်လျော်သလို ဖွဲ့စည်းနိုင်ပါတယ်။

၅။ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းအဆင့်များကတော့ အောက်ပါအတိုင်း ဖြစ်ပါသည် -

ဒါကျွန်တော်တို့ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးအဆင့်အနေနဲ့ကတော့ အောက်ခြေကနေ အပေါ်ကို ရေးဆွဲတင်ပြရမှာ ဖြစ်ပါတယ်။ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှာ မြို့နယ်စီမံကိန်းမှူးဟာ အတွင်းရေးမှူး အဖြစ် ပါဝင်ဆောင်ရွက်တဲ့အတွက် အပြန်အလှန်ချိတ်ဆက်ပြီးတော့ ပါဝင်တဲ့ကော်တီတွေနဲ့ ဆွေးနွေးပြီး၊ အထက်အဆင့်ဆင့်တွေကို တင်ပြပြီးတော့နောက်ဆုံး ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကော်အစိုးရအဖွဲ့ကို တင်ပြသွားမှာ ဖြစ်ပါတယ်။(နောက်ဆက်တွဲဇယားဖြင့် တင်ပြအပ်ပါသည်။)

## ဆောင်ရွက်ရမည့် နည်းလမ်းများ

၆။ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများအောင်မြင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

(က) ရုံးချုပ်အဆင့် မှာ

(၁) သင်တန်းများပေးခြင်း

(၂) စာရင်းကောက်ယူခြင်း ဒါတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကန့်သတ်

(ခ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် မှာ

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း တာဝန်ခံများမှ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့သို့မြို့နယ်/ခရိုင်/တိုင်း ဒေသကြီး/ပြည်နယ် စာရင်းကောက်ကြီးကြပ်ရေးအစီအစဉ်များကို တင်ပြလမ်းညွှန်မှု ခံယူရမှာ မည်ဖြစ်ပါတယ်။

(ဂ) ခရိုင်အဆင့် မှာ ဆောင်ရွက်ရမယ့် နည်းလမ်း ကတော့ -

(၁) မြို့နယ်စာရင်းကောက်ကြီးကြပ်ရေးအဖွဲ့မှ တင်ပြသည့်စာရင်းများကို ခရိုင်စာရင်းစိစစ်ရေးအဖွဲ့မှ စိစစ်ကြီးကြပ်သွားရမှာ ဖြစ်ပါတယ်။

(ဃ) မြို့နယ်အဆင့်

(၁) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံမှ သဘောတူခွင့်ပြုချက်ရရှိပြီးပါက မြို့နယ် စီမံကိန်းမှူး က မြို့နယ်အုပ်ချုပ်ရေးမှူး ထံ တင်ပြ၍ မြို့နယ်စာရင်းကောက်ကြီးကြပ်ရေး အဖွဲ့ ဖွဲ့စည်းရေးကို တင်ပြပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်စာရင်းကောက် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရေးအတွက် အစည်းအဝေးခေါ်ယူပြီး၊ မြို့နယ်စာရင်းကောက် ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်ပါတယ်။ မြို့နယ်စာရင်းကောက် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီးပါက မြို့နယ်စာရင်းများ ပြည့်စုံစွာ ရရှိရေးကို အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းများသို့ ပုံစံများပေးပို့ကောက်ယူ ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများသို့ စာရင်းပုံစံများ ပေးပို့ကောက်ယူရမည်ဖြစ်ပါတယ်။

**လုပ်ငန်းတာဝန်များ အနေနဲ့ကတော့**

၇။ မြို့နယ်စာရင်းကောက်ကြီးကြပ်ရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် ဖြစ်ပါတယ် -

(က) မြို့နယ်စာရင်းကောက်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရေးအတွက် ရပ်မိရပ်ဖ ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ အစည်း အဝေးဖိတ်ကြားရန်။

(ခ) မြို့နယ်များတွင် ထားရှိရမည့် လူမှုစီးပွားရေးအခြေအနေ၊ စာရင်းဇယားများ ရရှိရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရန်။

(ဂ) လစဉ်ပေးပို့သည့် စာရင်းများကို အတည်ပြုရန်။

(ဃ) အတည်ပြုထားသည့် စာရင်းများကို သက်ဆိုင်ရာခရိုင်များမှ တဆင့် တိုင်းဒေသကြီး ပြည်နယ်စီမံကိန်းရုံးများသို့ တင်ပြရန်။

(င) မြို့နယ်စာရင်းကောက်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူးမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ခရိုင်ရုံး၊ တိုင်းဒေသကြီး ပြည်နယ်ရုံးများမှတဆင့် ရုံးချုပ်သို့ အစီရင်ခံတင်ပြရန်ဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တင်ပြပေးခဲ့ပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်တွေကိုပါ ထည့်သွင်းပြီး ဖွဲ့စည်းသင့်ပါကြောင်း တင်ပြတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးကနေ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးအပိုင်းမှာ ပါဝင်တဲ့အတွက် အုပ်ချုပ်ရေးအပိုင်းမှာ ပါဝင်ရန် မသင့်ဘူးဆိုပြီးတော့ ထည့်သွင်းဖွဲ့စည်းခြင်း မပြုတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်များကို မိမိတို့မြို့နယ်၊ မိမိတို့ ဒေသတွေမှာ အကြံပေးအဖြစ်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

## စာရင်းကောက်ယူမည့်အစီအစဉ်

၈။ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ စာရင်းအင်းစုဆောင်းမှုမှာ ယခင်အတိုင်း သတ်မှတ်ပုံစံဖြင့် တောင်းခံရန် ဖြစ်ပါသည်။ **soft copy** ဖြင့် ရယူနိုင်ရန်အတွက် မေတ္တာရပ်ခံထားရန် လိုအပ်မည် ဖြစ်ပါသည်။ စာရင်းများအား သတ်မှတ်ပုံစံများတွင် ပြည့်စုံစွာဖော်ပြထားခြင်း ရှိ/မရှိ ပိုင်ဆိုင်မှုအခန်းများအလိုက် ပြည့်စုံစွာ ထည့်သွင်းထားမှုရှိမရှိ (နိုင်ငံပိုင်အခန်းသာမက သမပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်း)ကိုပါ စာရင်းပြုစုပေးပို့သည့်ဌာနများကို စိစစ်ရန်နှင့် ပြည့်စုံမှု မရှိပါက ပြန်လည်ဆက်သွယ်တောင်းခံရန် ဖြစ်ပါသည်။ ဌာနဆိုင်ရာမှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာစာရင်းများကို လစဉ်တောင်းခံထားရန် လိုအပ်မည် ဖြစ်ပါသည်။

၉။ ဌာနဆိုင်ရာများမှ တာဝန်ယူ၍ စာရင်းပေးပို့ခြင်း မရှိသည့် ပုဂ္ဂလိကပိုင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု စာရင်းများ၊ နိုင်ငံပိုင်အခန်းမှ တာဝန်ယူပေးပို့ထားပါက **Check and Balance** ပြုလုပ်နိုင်ရန် အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှာ တာဝန် ထမ်းဆောင်လျက်ရှိသော စာရေးများ၏ အကူအညီကို ရယူပြီး ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုဆိုင်ရာစာရင်းများကို သုံးလ ပတ်အလိုက် စာရင်းကောက်ယူမည် ဖြစ်ပါသည်။ ယခင် စီးပွားရေး စနစ်အရ နိုင်ငံတော်ပိုင်စီးပွားရေးကဏ္ဍမှာ စာရင်းပါဝင်သည့်အတွက် ယခုအခါမှာ ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတော်အနေဖြင့် လုပ်ငန်းတာဝန်များကို စီးပွားရေးလုပ်ငန်းများကို ပြည်သူတွေထံ ပုဂ္ဂလိကအဖြစ် လွှဲပြောင်းပေးအပ်တဲ့အတွက် ပုဂ္ဂလိကကဏ္ဍမှာ စာရင်းကောက်ပေးရမှာဖြစ်ပါတယ်။ ဒီလိုကောက်ယူတဲ့ နေရာမှာ လည်း ဝင်ငွေခွန်နှင့် မပတ်သက်ပဲ စာရင်းဇယား **GDP** တွက်ကြည့် နိုင်ရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ရန်အတွက် ကောက်ခံခြင်း ဖြစ်တဲ့အကြောင်း ရှင်းလင်းဆွေးနွေးပေးရမှာ ဖြစ်ပါတယ်။

ကန့်သတ်

၁၀။ ကောက်ယူရရှိမဲ့ ပုံစံများပါဝင်သည့် စာအုပ်ကို ပြုစုပြီး သုံးလပတ်အလိုက် စာရင်းကောက်ယူနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ စာရေးများထံ ပေးပို့ထားရမည် ဖြစ်ပါသည်။ စာရင်းကောက်ယူသည့် သုံးလပတ်ကုန်ဆုံးပြီးနောက် (၇) ရက်အတွင်း မြို့နယ်စာရင်းကောက်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး (မြို့နယ်စီမံကိန်းဦးစီးမှူး)သို့ ပေးပို့ရမည် ဖြစ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လပတ်)အစည်းအဝေးတွင် မြို့နယ်စီမံကိန်းဦးစီးရုံးဝန်ထမ်းများက စုစည်းရရှိထားသည့် စာရင်းများကို မြို့နယ်စာရင်းကောက် ကြီးကြပ်ရေးအဖွဲ့နှင့်စိစစ်၍ လိုအပ်သည်များကို မှာကြားရန်၊ သို့မဟုတ် မပြည့်စုံသည့် အချက်အလက်များအတွက် ပြန်လည်ပေးပို့(ရရှိ)ရမည့် အစီအစဉ်များကို ညှိနှိုင်းရန်၊ နောင်သုံးလပတ်အတွက် ထပ်မံညွှန်ကြားရန်နှင့် အကယ်၍ ညွှန်ကြားချက်များ ဖြန့်ဝေပေးရန် ရှိပါက (ယခု)အစည်းအဝေးတွင် ဖြန့်ဝေနိုင်ရန်အတွက် ဆောင်ရွက်ရန်၊ အကယ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအသစ်များ ပါဝင်နေပါက (လိုအပ်ပါက) ညှိနှိုင်းပြီး သင်တန်းများ ပို့ချရန် ဖြစ်ပါသည်။ စိစစ်ပြီးသော ထုတ်လုပ်မှု ဝန်ဆောင်မှု ကုန်သွယ်မှုဆိုင်ရာ စာရင်းများကို မြို့နယ်စာရင်းကောက် ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။

**SNA ၂၀၀၈ အရ ကောက်ယူရမည့် စာရင်းအင်းဇစ်မြစ်များ**

၁၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ **GDP** ပြုစုရန်တောင်းခံသည့် စီးပွားရေးကဏ္ဍ (၁၄)ခုအနက် ငွေရေးကြေးရေးကဏ္ဍမှအပ ကျန်ကဏ္ဍများမှာ **SNA** ၂၀၀၈ အရ**non-finacial corporation sector** တွင် ပါဝင်ပြီး၊ငွေရေးကြေးရေးကဏ္ဍမှာ**finacial corporation sector** တွင် ပါဝင်ဖြစ်ပါတယ်။

(က) **non-finacial corporation sector** အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုဆိုင်စာရင်းများကို မြို့နယ်အတွင်း ကုန်ထုတ်လုပ်သည့် ဌာန/အဖွဲ့အစည်းများထံမှ ကောက်ယူရန်၊

(ခ) **finacial corporation sector** အတွက် မြို့နယ်အတွင်း ငွေကြေးဆိုင်ရာ ဌာန/အဖွဲ့အစည်းများထံမှ စာရင်းကောက်ယူရန်၊

(ဂ) **General Government sector** တွင် အစိုးရ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကိုမှ သက်ဆိုင်ရာ အစိုးရဌာနများ၏ စာရင်းမှ ကောက်ယူရန်၊

(ဃ) **Households sector** အတွက် အိမ်ထောင်စုများ၏ အသုံးစရိတ်များ(ပြည်ပထုတ်လုပ်သည့် ကုန်ပစ္စည်းများ သုံးစွဲမှု အပါအဝင်) စာရင်းကို အိမ်ထောင်စုများမှ စာရင်းကောက်ယူရန်၊

(င) **Non-profit Institutions Serving Households sector** အတွက် လူမှုရေးအသင်းအဖွဲ့များမှ အိမ်ထောင်စုများအတွက် အမြတ်အစွန်းမယူဘဲ အခကြေးငွေ အနည်းငယ်ဖြင့် ကူညီဆောင်ရွက်မှုများ၏ ကုန်ကျစရိတ်စာရင်းများကို သက်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များမှ စာရင်းရယူရန် ဖြစ်ပါသည်။

SNA ၂၀၀၈ အရ ကောက်ယူရမည့် စာရင်းအင်းအမျိုးအစား

၁၂။ (က) ကုန်ထုတ်လုပ်သည့်လုပ်ငန်းများ **non-finacial corporation** မှ ထုတ်လုပ်မှုများ (ကုန်ကြမ်းအဖြစ် အသုံးပြုမှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင်) ကို စာရင်း ရယူရန်၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအတွက် အရှုံးအမြတ်စာရင်း၊

(ခ) ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ဘဏ်များ၊ အာမခံ လုပ်ငန်းများ၊ ငွေချေးငှားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပေါင်ဆိုင်စသည်များ)မှ အိမ် ထောင်စုများ၏ အပ်ငွေများ၊ အတိုးပေးရငွေများကို စာရင်းယူရန်၊

(ဂ) အစိုးရဌာနများ၏ ထုတ်လုပ်မှုများ (စီမံခန့်ခွဲမှု လုပ်ငန်းများအပါအဝင်)၊ လုပ်ငန်းများအား ထောက်ပံ့ငွေများ (ရှိပါက)၊ ကောက်ခံသည့် အခွန် အခများ(လုပ်ငန်းများ၊အိမ်ထောင်စုများသို့ကောက်ခံခြင်း) နှင့် ပြည်သူများသို့ လူမှုရေးဆိုင်ရာ ထောက်ပံ့မှုများ၊ (ပညာရေး၊ ကျန်းမာရေးစသည်များနှင့် မီးဘေးစ သည့် သဘာဝဘေးများကြောင့် ပြည်သူများအား ထောက်ပံ့မှုများ)စသည့် စာရင်းများကို ရယူရန်၊

(ဃ) အိမ်ထောင်စုများ၏ ကုန်စည်များအပေါ် သုံးစွဲမှု များ၊ ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်း များ လုပ်ကိုင်မှုကြောင့် ရရှိသည့် လုပ်ခလစာများ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများမှ ရရှိသည့် အကျိုး အမြတ်များကို စာရင်းရယူရန် ဖြစ်ပါတယ်။

(င) မိမိမြို့နယ်အတွင်းမှ ထုတ်လုပ်ပြီး မိမိဒေသတွင် သုံးစွဲခြင်း မရှိဘဲ အခြားသို့ ရောင်းချသော ကုန်စည်များ၊ မိမိဒေသတွင် ထုတ်လုပ်ခြင်း မရှိဘဲ အခြားဒေသမှ ဝယ်ယူအသုံးပြုသည့် ကုန်စည်များကို ခန့်မှန်းစာရင်းရယူရမှာ ဖြစ်ပါသည်။ (ဥပမာ- မိမိတို့ဒေသတွင် ဆီမလုံလောက်သည့်အတွက် အခြားဒေသမှ ဝယ်ယူတင်သွင်းရသောစာရင်းများကို စာရင်းကောက်ယူရမှာ ဖြစ်ပါတယ်။)

(စ) အခြားကောက်ယူရမည့်စာရင်းတစ်ခုမှာ လူမှုရေးအသင်းအဖွဲ့များမှ အများပြည်သူအတွက် ဆောင်ရွက်မှုများကို စာရင်းကောက်ယူရန် ဖြစ်ပါတယ်။ ဥပမာအားဖြင့် မိဘ/ဆရာအသင်း၊ နာရေးကူညီမှုအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အသင်းများမှ ပြည်သူများအတွက် ဆောင်ရွက်ပေးမှုများကို စာရင်းရယူရန် လိုအပ်မည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းထားရှိမှုကို အနည်းငယ် တင်ပြလိုပါတယ်။

(က) ရှမ်းပြည်နယ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ

(၁) ဦးခွန်သိန်းမောင် ဝန်ကြီး ဥက္ကဋ္ဌ
ပြည်နယ်ဘဏ္ဍာရေးနှင့်
အခွန်ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်
စီးပွားရေးဝန်ကြီးဌာန

(၂) ဦးအောင်ချိုဦး ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်အစိုးရအဖွဲ့ရုံး

(၃) ဦးထင်ဝင်း ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်မြေစာရင်း

(၄) ဦးဝင်းကြည်-၂ ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်ဆည်မြောင်းဦးစီးဌာန

(၅) ဦးအောင်ခင် ဒု-အထွေထွေမန်နေဂျာ အဖွဲ့ဝင်
မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန

(၆) ဦးသော်ဇင်မောင် တာဝန်ခံ အဖွဲ့ဝင်
မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

(၇) ဒေါက်တာဝင်းမြင့် ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန

(၈) ဦးတင်ထွန်းအောင် ဦးစီးမှူး၊ ငါးလုပ်ငန်း အဖွဲ့ဝင်
ဦးစီးဌာန

(၉) ဦးဝင်းဇော် ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၁၀) ဦးအောင်ကျော် ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန

(၁၁) ဦးခိုင်ထွန်း ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့်
စစ်ဆေးရေးဦးစီးဌာန

| | | |
|---|---|---|
| (၁၂) | ဒေါက်တာမြင့်အောင် | ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်<br>ပြည်နယ်ကျန်းမာရေးဦးစီးဌာန |
| (၁၃) | ဦးလှဝင်း | ပြည်နယ်ပညာရေးမှူး အဖွဲ့ဝင်<br>ပညာရေးဦးစီးဌာန |
| (၁၄) | ဦးစိုင်းထွန်းထွန်း | ညွှန်ကြားရေးမှူး အဖွဲ့ဝင်<br>စည်ပင်သာယာရေးဦးစီးဌာန |
| (၁၅) | ဦးစိုးမြင့်-၄ | ဒုတိယညွှန်ကြားရေးမှူးအဖွဲ့ဝင်<br>ပြည်တွင်းအခွန်များဦးစီးဌာန |
| (၁၆) | ဒေါ်ခင်စန်း | ဦးစီးမှူး အဖွဲ့ဝင်<br>ပြည်နယ်ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၁၇) | ဦးအောင်ဆန်းဝင်း | မြို့မိ/မြို့ဖ အဖွဲ့ဝင်<br>(ကုန်သည်/စက်မှုလုပ်ငန်းရှင်<br>အသင်း) |
| (၁၈) | ဦးစိုးသိန်း | မြို့မိ/မြို့ဖ အဖွဲ့ဝင်<br>(စိုက်ပျိုးရေးလုပ်ငန်းရှင်) |
| (၁၉) | ဦးစိုးဝင်း | မြို့မိ/မြို့ဖ အဖွဲ့ဝင်<br>(မွေးမြူရေးလုပ်ငန်းရှင်) |
| (၂၀) | ဦးတိုးခိုင် | အင်ဂျင်နီယာမှူးကြီး အဖွဲ့ဝင်<br>ပြည်သူ့ဆောက်လုပ်ရေး<br>လုပ်ငန်း |
| (၂၁) | ဦးတင်လှိုင် | ညွှန်ကြားရေးမှူး အတွင်းရေးမှူး<br>ပြည်နယ်စီမံကိန်းဦးစီးရုံး |

ပြည်နယ်အဆင့်တွင် ဖွဲ့စည်းထားပြီးဖြစ်သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်များမှာလည်း ဆက်လက်ဖွဲ့စည်းပြီး **(Town Plan) (City Plan)**များကို ရေးဆွဲရမည် ဖြစ်ပါသည်။ ထိုသို့ရေးဆွဲရာတွင် နောင်လာမည့် အနှစ် (၂၀)၊ (၃၀)အတွက် တွက်ချက်ပြီးတော့ တိုးလာမည့် လူဦးရေနှင့် ချဲ့ထွင်ရမည့် မြေကွက်များ၊ မြေများ၊ ထင်းစိုက်ခင်းအတွက် ထားရမည့် သစ်တော ဧရိယာ၊ ရေဝေရေလဲဧရိယာ၊ အများနှင့် သက်ဆိုင်သော ဈေး၊ ကျောင်းစသည်ဖြင့် ညှိနှိုင်းတိုင်ပင်ပြီး အိုးအိမ်မြို့ပြဦးစီးဌာနမှ ရေးဆွဲ၍ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ ပါဝင်ရခြင်းသည် မိမိတို့နှင့် သက်ဆိုင်သော ကဏ္ဍများကို ပူးပေါင်းပါဝင် အကောင်အထည်ဖော်ပေးရမည် ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လိုအပ်သည်များကို အကြံပေးအဖြစ် ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ကြောင်း ဆွေးနွေးရှင်းလင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ သြဘာသံများ ]

## ပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီတို့ကို ဆက်လက်တာဝန် ပေးအပ်ရေးအတွက် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့တာ ယခုဆိုလျှင် (၁)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ကော်မတီများအနေနဲ့လည်း လွှတ်တော်ရဲ့ အခန်းကဏ္ဍများအလိုက် တဖြည်းဖြည်းအကောင်အထည်ဖော် တာဝန်ယူဆောင်ရွက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်နယ်အဆင့်တွင် ဖွဲ့စည်းထားပြီးဖြစ်သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်များမှာလည်း ဆက်လက်ဖွဲ့စည်းပြီး **(Town Plan) (City Plan)**များကို ရေးဆွဲရမည် ဖြစ်ပါသည်။ ထိုသို့ရေးဆွဲရာတွင် နောင်လာမည့် အနှစ် (၂၀)၊ (၃၀)အတွက် တွက်ချက်ပြီးတော့ တိုးလာမည့် လူဦးရေနှင့် ချဲ့ထွင်ရမည့် မြေကွက်များ၊ မြေများ၊ ထင်းစိုက်ခင်းအတွက် ထားရမည့် သစ်တော ဧရိယာ၊ ရေဝေရေလဲဧရိယာ၊ အများနှင့် သက်ဆိုင်သော ဈေး၊ ကျောင်းစသည်ဖြင့် ညှိနှိုင်းတိုင်ပင်ပြီး အိုးအိမ်ဦးစီးဌာနမှ ရေးဆွဲ၍ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ ပါဝင်ရခြင်းသည် မိမိတို့နှင့် သက်ဆိုင်သော ကဏ္ဍများကို ပူးပေါင်းပါဝင် အကောင်အထည်ဖော်ပေးရမည် ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လိုအပ်သည်များကို အကြံပေးအဖြစ် ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ကြောင်း ဆွေးနွေးရှင်းလင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ သြဘာသံများ ]

## ပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီတို့ကို ဆက်လက်တာဝန် ပေးအပ်ရေးအတွက် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့တာ ယခုဆိုလျှင် (၁)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ကော်မတီများအနေနဲ့လည်း လွှတ်တော်ရဲ့ အခန်းကဏ္ဍများအလိုက် တဖြည်းဖြည်းအကောင်အထည်ဖော် တာဝန်ယူဆောင်ရွက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ကန့်သတ်

ဆက်လက်ပြီးတော့လည်း တာဝန်များ ဆက်လက်ဆောင်ရွက် သွားရမှာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကော်မတီများရဲ့ အမည် စာရင်းကို ထပ်မံတင်ပြပါမယ် -

ဥပဒေပြုရေးဆိုင်ရာကော်မတီ

| | | |
|---|---|---|
| (က) ဦးစိုင်းနု | ကွန်ဟိန်းမဲဆန္ဒနယ် အမှတ်(၂) | ဥက္ကဋ္ဌ |
| (ခ) ဦးအောင်ကြည်ဝင်း | ညောင်ရွှေမဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| (ဂ) ဦးစိုင်းလွင် | လင်းခေးမဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| (ဃ) ဦးကျော်မြ | နောင်ချိုမဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| (င) ဦးမြတ်စိုး | ကလောမဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| (စ) ဦးစိုင်းဘဦး | လွိုင်လင်မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| (ဆ) ဦးအားဖာ | ကျိုင်းတုံမဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| (ဇ) ဒေါ်နန်းငွေငွေ | မူဆယ်မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| (ဈ) ဦးခင်ဇော်ဝင်း | မိုးမိတ်မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| (ည) ဦးတင်ဦး | ဥပဒေအရာရှိ (အငြိမ်းစား) | အဖွဲ့ဝင် |
| (ဋ) ဦးအောင်ကျော်ညွန့် | ရပ်စောက်မဲ ဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

ဆိုပြီးတော့ ဖွဲ့စည်းခဲ့ပါတယ်။

ထို့အတူ -

**တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ**

အနေနဲ့ -

(က) ဦးစိုင်းလှဝင်း မိုင်းပြင်းမဲဆန္ဒနယ် ဥက္ကဋ္ဌ အမှတ်(၂)

(ခ) ဦးကိန်မိုင် မူဆယ်မဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၂)

(ဂ) ဒေါ်အေးချိုစိန် ဖယ်ခုံမဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၁)

(ဃ) ဦးမောရှည် မိုင်းဖြတ်မဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၂)

(င) ဒေါ်တင်မေထွန်း တာချီလိတ် အဖွဲ့ဝင် မဲဆန္ဒနယ်အမှတ်(၁)

(စ) ဒေါက်တာထွန်းအောင် ညောင်ရွှေမဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၁)

(ဆ) ဦးခွန်ဒီဂေါလ် လွိုင်လင်မဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၁)

(ဇ) ဦးစိုင်းတင်ဦး နမ့်ခမ်းမဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၁)

(ဈ) ဦးစိုင်းကြူ လားရှိုးမဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၁)

(ည) ဦးစောလုံ မိုးနဲမဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၁)

(ဋ) ဦးဇော်ဦး နမ္မတူ အတွင်းရေးမှူး မဲဆန္ဒနယ်အမှတ်(၁)

ဆိုပြီးတော့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ မှာကတော့ -

| | | | |
|---|---|---|---|
| (က) | ဦးစိုင်းညွန့်ဝင်း | မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်(၁) | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းကံ | မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်(၂) | အဖွဲ့ဝင် |
| (ဂ) | ဦးစိုင်းမွန်း(ခ) ဦးစိုင်းကျော်ထွန်း | ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်(၁) | အဖွဲ့ဝင် |
| (ဃ) | ဦးအာပြာဟန် | ဖယ်ခုံမြို့နယ် မဲဆန္ဒန်ယ်(၂)နှင့် | အဖွဲ့ဝင် |
| (င) | ဦးဇော်ဇော် | မဘိမ်းမြို့နယ် မဲဆန္ဒနယ်(၁) | အတွင်းရေးမှူး |

ဆိုပြီးတော့ ဖွဲ့စည်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ၄င်းကော်မတီနဲ့ အဖွဲ့ဝင်များကို ဆက်လက် တာဝန်ပေးအပ်ရေး အတွက် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါ တယ်။ ကော်မတီဝင်များကို ဆက်လက်တာဝန်ပေးအပ်ရေးအတွက် ပြည်နယ်လွှတ်တော်က -

" သဘောတူပါသလား ခင်ဗျား။ "

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူ ပါသည်။]

သဘောတူတဲ့အတွက် ပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့ကို ဆက်လက်တာဝန်ပေးအပ်ကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ကန့်သတ်

(၂၂နံ့သပ်)

၄၄

## ရေးရာကော်မတီဝင်များအနက် ပြင်ပပုဂ္ဂိုလ်များ၏ အစည်းအဝေးတက်ရောက်စရိတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော နှုန်းထားများအတိုင်း ခံစားခွင့်ပြုနိုင်ရေး ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ယခု ရှမ်းပြည်နယ်လွှတ်တော်၏ ရေးရာကော်မတီဝင်များတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအပြင် ပြင်ပပုဂ္ဂိုလ်များကိုလည်း ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (ခ)အရ ထည့်သွင်းဖွဲ့စည်းထားပါတယ်။ ဒါကြောင့် ကော်မတီတွင် ပါဝင်သော ပြင်ပပုဂ္ဂိုလ်များ၏ အစည်းအဝေးတက်ရောက်စရိတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော နှုန်းထားများအတိုင်း ခံစားခွင့်ပြုနိုင်ရေး ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက -

"သဘောတူပါသလား ခင်ဗျား။"

[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ရေးရာကော်မတီဝင်များတွင် ပါဝင်သော ပြင်ပပုဂ္ဂိုလ်များ၏ အစည်းအဝေးတက်ရောက်စရိတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော နှုန်းထားများ အတိုင်း ခံစားခွင့်ပြုကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

ကန့်သတ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ရန် အဆိုပြုချက်များ ပေးပို့နိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေကြမ်းကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅-၃-၂၀၁၂)ရက်နေ့ (ပဉ္စမနေ့)မှာ တင်သွင်းခဲ့ပါတယ်။ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန် အဆိုပြုချက်များကို သတ်မှတ်ပုံစံများအတိုင်းပြုစု၍ ၂၀၁၂ ခုနှစ်၊ မေလ (၃၀)ရက်နေ့ နောက်ဆုံးထား၍ လွှတ်တော်ရုံးသို့ ပေးပို့ရန် ဖြစ်ပါတယ်။ ပြင်ဆင်ရန် အဆိုပြုချက်များနှင့်စပ်လျဉ်း၍ အနီးစပ်ဆုံး ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းရှင်းလင်းခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်များကို ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

# ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ မှ နိဂုံးချုပ် အမှာစကား ပြောကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ကျွန်တော်တို့ ကျင်းပနေတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂)ဟာ မကြာမီ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။

ယခုအစည်းအဝေးဟာ ဖေဖော်ဝါရီလ(၂၇)ရက်နေ့မှ မတ်လ(၁၅)ရက်နေ့ထိ ကျင်းပခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးကြီးရဲ့ နောက်ဆက်တွဲ အစည်းအဝေးဆိုရင်လည်း ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျင်းပပြီးစီးခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးမှာ မပြီးပြတ်သေးတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွေကို ဒီအထူးအစည်းအဝေးမှာ အတည်ပြုပေးနိုင်ခဲ့သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ခန့်အပ်တာဝန်ပေးရေးနှင့်စပ်လျဉ်း၍ ခေတ္တရပ်ဆိုင်းထားတဲ့ဖြစ်စဉ်ကို လွှတ်တော်က အဖြေတစ်ခုရရှိအောင် ဆုံးဖြတ်ပေးနိုင်ခဲ့ပါတယ်။ လွှတ်တော်စတင်ဖွဲ့စည်းပြီး တစ်နှစ်ကျော်ကာလသက်တမ်းအတွင်းမှာ ကျွန်တော်တို့ လွှတ်တော်ဟာ ပုံမှန်အစည်းအဝေး(၃)ကြိမ်၊ အထူးအစည်းအဝေး (၂)ကြိမ်၊ စုစုပေါင်း(၅)ကြိမ်ကျင်းပရာမှာ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဆောင်ရွက်ချက်များဟာ ပြည့်ပြည့်စုံစုံမဟုတ်တာ တောင်မှ ထိုက်သင့်သည့် အခြေအနေ၊ ထိုက်သင့်သည့် အဆင့်အတန်း ရောက်ရှိလာပြီလို့ ပြောနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ လွှတ်တော်ကော်မတီများဟာ မိမိတို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဂယနဏသိရှိပြီး၊ ဥပဒေကြမ်း ရေးဆွဲနိုင်တဲ့အထိ၊ ဥပဒေပြင်ဆင်နိုင်တဲ့အထိ ဆောင်ရွက်သော အရည်အချင်း၊ အရည်အသွေးများနှင့် ပြည့်စုံအောင် အစဉ်တစိုက် လေ့လာနေကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်မှာ ယေဘုယျအားဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ဆောင်ရွက် ရပါတယ်။

ဒါ့အပြင် မိမိတို့နယ်မြေအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ ပြည်သူများအကြား ထဲထဲဝင်ဝင် ကွင်းဆင်းပြီးတော့မှ ဖြစ်ပေါ်နေတဲ့ ကိစ္စအဝဝကို မြင်အောင်ကြည့်၊ ကြားအောင်နားထောင်၊ သိရှိအောင် လေ့လာပြီး လွှတ်တော်မှာ ဖြစ်စေ၊ လွှတ်တော်ပြင်ပမှာဖြစ်စေ၊ တင်ပြဖို့ဖြစ်ပါတယ်။ ဒီလို တင်ပြတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ထိထိမိမိ တင်သွင်းနိုင်ရေးအတွက် တင်သွင်းနိုင်တဲ့ အဆင့်မျိုးရောက်အောင် ကိုယ့်ရဲ့ အရည်အသွေးကို မြှင့်တင်ကြရမှာ ဖြစ်ပါတယ်။ အရည်အချင်းတွေ၊ စိတ်စေတနာကောင်းတွေ ရှိဖို့ လိုသလို မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်တွေကို ပြီးမြောက်အောင် အောင်အောင်မြင်မြင် ဆောင်ရွက်ခြင်း၊ စည်းရုံးရေးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းဟာ ကျွန်တော်တို့အတွက် အရေးကြီးလှပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ အလွှာအသီးသီး၊ အဖွဲ့အစည်း အသီးသီး၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသအသီးသီးက လာရောက်ကြတဲ့ တိုင်းရင်းသားများဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တူညီသော ရည်မှန်းချက်ဟာ ပြည်သူတို့ရဲ့ ဘဝအေးချမ်းသာယာရေး၊ ပြည်သူတို့ရဲ့ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးတို့ပဲ ဖြစ်ပါတယ်။ ဒီကိစ္စတွေကို အကောင်အထည်ဖော်နိုင်ရန် အတွက် ယခုလို လွှတ်တော်မှာ လာရောက်ဆုံဆည်းကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အမှီအခို ကင်းဖို့ အခြားတစ်ပါးသော အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေ လွှမ်းမိုးမှုမရှိနိုင်ဖို့ လိုအပ်ပါတယ်။ မိမိလွှတ်တော်အတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး မိမိတို့ အချင်းချင်းကြားမှာ မိမိတို့ လေ့လာအားနဲ့ ထွက်ပေါ်လာတဲ့ အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် မိမိပြည်နယ်၊ မိမိတိုင်းပြည်နှင့် လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ [ သြဘာသံများ ]

ကန့်သတ်

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ကျင်းပပြီးစီးခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့ အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်
အထူးအစည်းအဝေး(၁/၂၀၁၂)နေ့ကို
နေ့လည် (၁၀၄၅ )နာရီအချိန်တွင် ရပ်နားပါသည် ။ ]

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ဆုံးဖြတ်ခြင်း

**ဆုံးဖြတ်ခြင်းအမှတ် ။ (၁၇-၁/၂၀၁၂)** **ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်.(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ။ (၁၈-၁/၂၀၁၂)** **၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့၌ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ
(၁၉-၁/၂၀၁၂) အရအသုံးဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို
အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၂ ခုနှစ်၊ မေ လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်
(၂၀-၁/၂၀၁၂) ရှိသော စိမ်ကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ်
ခန့်အပ်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က
အဆိုပြု ပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏
အမည်စာရင်းအား လွှတ်တော်ကိုယ်စားလှယ်
(၁)ဦးမှ ကန့်ကွက်ကြောင်း အဆိုကို
လွှတ်တော်မှ အတည်ပြုကြောင်း
ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၂ ခုနှစ်၊ မေ လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တွင် လစ်လပ် လျက်ရှိသော စိမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်ကိုယ်စားလှယ် (၁)ဦးမှ ကန့်ကွက်ကြောင်း အဆိုကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ။ ပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊
(၂၁-၁/၂၀၁၂) ပြည်နယ်တိုင်းရင်းသား လူမျိုးများ
အရေးဆိုင်ရာ ကော်မတီနှင့် ပြည်နယ်
လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး
ကော်မတီတို့ကို ဆက်လက်တာဝန်ပေး
အပ်ရေးအတွက် လွှတ်တော်မှ အတည်ပြု
ကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် (၂၀၁၂ ခုနှစ်၊ ဧပြီ လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့၌ ပြည်နယ်ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ၊ ပြည်နယ်တိုင်းရင်းသား လူမျိုးများ အရေးဆိုင်ရာ ကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီတို့ကို ဆက်လက် တာဝန်ပေးအပ်ရေးအတွက် လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ။ ရေးရာကော်မတီဝင်များအနက် ပြင်ပ
(၂၂-၁/၂၀၁၂) ပုဂ္ဂိုလ်များ၏ အစည်းအဝေးတက်ရောက်
စရိတ်များကို ပြည်နယ် လွှတ်တော်
ကိုယ်စားလှယ်များအတွက် သတ်မှတ်
ထားသော နှုန်းထားများ အတိုင်းခံစားခွင့်
ပြုနိုင်ရေး လွှတ်တော်မှ အတည်ပြုကြောင်း
ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် (၂၀၁၂ ခုနှစ်၊ ဧပြီ လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့၌ ရေးရာကော်မတီဝင်များ အနက် ပြင်ပပုဂ္ဂိုလ်များ၏ အစည်းအဝေးတက်ရောက်စရိတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထား သော နှုန်းထားများအတိုင်း ခံစားခွင့်ပြုနိုင်ရေး လွှတ်တော်မှ အတည် ပြုကြောင်း ဆုံးဖြတ်သည်။

ကန့်သတ်

## မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ် ။ (၂၇-၁/၂၀၁၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်(၂၀၁၂ ခုနှစ်၊ ဧပြီ လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁၆ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ။ (၂၈-၁/၂၀၁၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်း တင်ခြင်း

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်(၂၀၁၂ ခုနှစ်၊ ဧပြီ လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁၆ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

# လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**အမှတ်(၂-၁/၂၀၁၂)။ ရှမ်းပြည်နယ်လူမှုကဏ္ဍနှင့် စပ်လျဉ်း၍ ၁ နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများ**

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၂ ခုနှစ်၊ ဧပြီ လ ၂၅ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ပထမနေ့၌ ရှမ်းပြည်နယ်လူမှုကဏ္ဍနှင့် စပ်လျဉ်း၍ ၁ နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်းမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ်(၃-၁/၂၀၁၂)။ စီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းမှုများ**

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် (၂၀၁၂ ခုနှစ်၊ ဧပြီ လ ၂၆ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့၌ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းမှုများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင် မှ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဥက္ကဋ္ဌ
ပြည်နယ်လွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကန့်သတ်

ပထမအကြိမ်

ရှမ်းပြည်နယ်လွှတ်တော်

အထူးအစည်းအဝေး(၁/၂၀၁၂)

မှတ်တမ်းဓါတ်ပုံများ